# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၃) ရက် ၊ စနေနေ့ ၊ (6-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနကျင်းပတော်မူမည့်နေရာသို့ရောက်ရှိကာ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်(ကြာသပတေးနေ့) ၀၈း၀၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပူဇော်ထားရှိပြီး အန္တိမအဂ္ဂိဈာပနအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၆ ရက်

အယ်ဒီတာ့အာဘော်

# တန်ဖိုးဖြတ်၍မရသော အသိပညာအလှူ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာစေရန်အတွက် လူငယ်များနှင့်ပြည်သူများ သိသင့်သိထိုက် လေ့လာဖတ်ရှုသင့်သည့် စာအုပ်စာပေများ၊ အားကိုးစရာစာကြည့်တိုက်များ များစွာလိုအပ်လှပါသည်။ ယခုအခါ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ တပ်မတော်မှဌာနချုပ်၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ သုတရသစာအုပ် ၅၅၀၀၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးမိသားစုကလှူဒါန်းသည့် လူထုသိပွဲကျမ်းအတွဲ(၁)၊ (၂)၊ (၃)အတွဲသုံးတွဲမှ အတွဲတစ်တွဲလျှင် အုပ်ရေ ၁၅၀၀စီဖြင့် စာအုပ်ပေါင်း ၄၅၀၀တို့ လှူဒါန်းသည့်အခမ်းအနားကို မေ့ြလ ၃ ရက်နေ့က နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းမီရှိစေရန်အတွက် စာကြည့်တိုက်များကို အမှန်တကယ်အားကိုးအားထားပြုကြရမည်ဖြစ်ပါသည်။ အသိပညာမြင့်မားအောင်လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ ပညာဘဏ်တိုက်ဖြစ်သော စာကြည့်တိုက်များသို့ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုတို့ လှူဒါန်းသော စာအုပ်စာစောင်များက ဖတ်ရှုမိသူများအတွက် ဘဝခရီးလမ်းတွင် မှန်ကန်သည့် အတွေးအခေါ်၊ အယူအဆ၊ စိတ်ဓာတ်ရေးရာများ ဖြစ်ပေါ်တိုးတက်ပြောင်းလဲစေမည်ဖြစ်ပါသည်။

လူတစ်ဦး၏တိုးတက်မှု၊ ဆုတ်ယုတ်မှုဟူသည် အသိဉာဏ်ရှိခြင်း၊ မရှိခြင်းအပေါ် လုံးဝတည်မှီနေသည်ဖြစ်သည့်အတွက် အသိဉာဏ်ကျယ်ပြန့်ရေးအတွက် စာဖတ်ကြရမည်ဖြစ်ပေသည်။ စာအုပ်စာပေများသည် လူများစွာတို့၏ အတွေ့အကြုံများစွာကို မှတ်တမ်းပြုထားသည်ဖြစ်ရာ စာပေဖတ်ရှုလိုက်သည်နှင့် လူများစွာတို့၏အတွေ့အကြုံ၊ ဗဟုသုတများ၊ ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာများ၊ တွေးခေါ်မြော်မြင်မှုဒဿနများစသည်ဖြင့် ဗဟုသုတများစွာကို တစ်ထိုင်တည်းရရှိစေမည်ဖြစ်ပါသည်။ ရရှိထားသောအသိဉာဏ်ပညာဗဟုသုတများကြောင့် လောကဘဝဖြတ်သန်းရာတွင် အရာရာကို ဉာဏ်နှင့်ယှဉ်၍ အောင်ပွဲဆင်နိုင်မည်ပင်ဖြစ်ပါသည်။

မိမိနိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးပိုင်း၌ အားနည်းလျက်ရှိသည်။ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင်လည်း လိုအပ်ချက်များ ရှိနေမည်ဖြစ်ပါသည်။ ထိုလိုအပ်ချက်များကို ပြုပြင်ရန်မှာ စာတတ်ရန်နှင့်စာဖတ်ရန်ပင်ဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် မိမိဘဝနှင့်မိသားစု၊ မိမိလုပ်ငန်းခွင်၊ မိမိရပ်ရွာမှနိုင်ငံအထိပင် ရှေ့သို့တိုးတက်မြင့်မားလာအောင် ခေတ်မီသောတွေးခေါ်မြော်မြင်မှုများနှင့်အတူ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

လူငယ်လူရွယ်နှင့်ပြည်သူများ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံ၏နေရာဒေသအနှံ့အပြားတွင် အထူးသဖြင့် စာကြည့်တိုက်များတွင် စာကောင်းပေမွန်စာအုပ်စာပေများ လက်လှမ်းမီစွာရရှိရန် အထူးလိုအပ်လှပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းမှ စာကြည့်တိုက်များနှင့် တပ်မတော်မှ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာကောင်းပေမွန်စာအုပ်စာပေများကို လှူဒါန်းခြင်းကြောင့် ဖတ်ရှုမိသူတိုင်းအတွက် အသိပညာအလှမ္မာပြည့်စုံလာမည်ဖြစ်ရာ တန်ဖိုးဖြတ်၍မရသော အသိပညာအလှူဖြစ်ပါ၍ ဝမ်းမြောက်နှမော်သာဓုခေါ်အပ်ပါသည်။

# မန္တလေး သင်္ကြန်ပွဲတော်ကာလအတွက် ဈေးချိုသူ မဟာသင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး



**မန္တလေး မေ ၅**

မန္တလေး သင်္ကြန်ပွဲတော်ကာလအတွက် ဈေးချိုသူမဟာသင်္ကြန်ရေကစားမဏ္ဍပ် ဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မန္တလေးသင်္ကြန်ပွဲတော်ကာလအတွက် မန္တလေးမြို့ကျုံးပတ်လည်နှင့်နေရာအနှံ့အပြားတွင် ရေကစားမဏ္ဍပ်များစတင်ဆောက်လုပ်လျက်ရှိကြောင်း၊ အလားတူ မန္တလေးဈေးချိုတော်ရှေ့တွင်လည်း ဈေးချိုသူ မဟာသင်္ကြန်ရေကစားမဏ္ဍပ်ကို မတ်လနောက်ဆုံးပတ်က စတင်ဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆိုပါရေကစားမဏ္ဍပ်ဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းထိ ပြီးစီးပြီဖြစ်ကြောင်း၊ ဧပြီလဒုတိယပတ်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးချိုတော်က မန္တလေးမြို့မှာ ဈေးရောင်းသူဝယ်သူတွေနဲ့ နေ့စဉ်စည်ကားနေတဲ့ ဈေးကြီးတစ်ခုပါ။ သင်္ကြန်ကာလမှာတော့ ဈေးချိုသူရေကစားမဏ္ဍပ်ကို ပိုမိုစည်ကားစေဖို့အတွက် ဖျော်ဖြေရေးအစီအစဉ်တွေ ထည့်သွင်းပေးထားပါတယ်"ဟု ဦးသက်နိုင်က ပြောပြသည်။

မန္တလေးဈေးချိုတော်ရှေ့ ၂၆ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား ဈေးချိုသူ မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့၌ မြို့မတီးဝိုင်းအပါအဝင်ယိမ်းအကအဖွဲ့များဖြင့် သီဆိုဖျော်ဖြေကပြကာ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဈေးချိုသူမဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ဈေးသူ၊ ဈေးသားများရေပက်ကစားချိန်ကို သင်္ကြန်ရက်များအတွင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ၊ ညနေ ၃ နာရီမှ ညနေ ၆ နာရီထိ သတ်မှတ်ပေးထားကြောင်း၊ စတုဒိသာဖြင့်လည်း ကျွေးမွေးဧည့်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၅**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များဝင်ရောက်လာပြီး အငှားဈေးကွက်လည်း မြို့တွင်းပိုင်း အချက်အချာကျသည့် နေရာများ ငှားရမ်းလိုမှုပို၍မြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သော အချက်အချာကျသည့် အဓိကလမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်ကြီးတွင် ငှားရမ်းလိုမှုအများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက်ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ဆိုင်ခန်း တစ်ခန်းဆိုရင် ငွေကျပ် ၂၅၀၀၀၀၊ ၃၀၀၀၀၀ လောက် သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံးကို ငွေကျပ် ၃၀၀၀၀၀ ကျော်မှရတော့တယ်။ မြို့တွင်းပိုင်းလမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့နေရာတွေ ပိုရှားခိုင်းတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရာတွင် အမည်ပေါက်ဂရန်မြေများမှာ လူစိတ်ဝင်စားမှုများနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်း မြင့်တက်နေကြောင်း၊ ယခုလပိုင်းအတွင်း အိမ်ခြံမြေဈေးကွက်တွင် ငွေကျပ်သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။ (၁၇၃)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်များကို လျှောထားချက်ထက် ပိုမိုဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ပြုပေးနိုင်ခဲ့

**မန္တလေး မေ ၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များပေါ်ထွက်ရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများကို လျှာထားချက်ထက် ပိုမိုဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ပြုပေးရန် ကုန်ပစ္စည်းအမျိုးအမည် ၆၂၀ ကို လျှာထားဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းကို ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ၅၅၃ ခု၊ အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း ၅၄၅ ခု စုစုပေါင်း ကုန်ပစ္စည်းအမျိုးအမည် ၁၀၉၈ ခုကို ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ခွင့်ပြုပေးနိုင်ခဲ့ပြီး လျှာထားချက်ထက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေထုတ်လုပ်မဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးခဲ့ပါတယ်။ လျှာထားချက်ထက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုသာ ခွင့်ပြုပေးခဲ့ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ကြီးတံခွန်မြို့နယ် ရတနာသိယံပရိယတ္တိကျောင်းဆရာတော် ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသဝ၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာကျင်းပ

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မူလသစ်ဆိမ့်တိုက် ရတနာသိယံပရိယတ္တိကျောင်းဆရာတော်ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသဝ၏ သက်တော် ၅၅ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ဂုဏာဝိသိဋ္ဌပူဇာ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ကြီးတံခွန်မြို့နယ် မူလသစ်ဆိမ့်တိုက် ရတနာသိယံ ပရိယတ္တိကျောင်းအတွင်း တည်ထားကိုးကွယ်တော်မူသော ရွှေစည်ရတနာရံသီ သိမ်တော်ဦး ရွှေတိဂုံစေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကာ ကြွရောက်လာသော သံဃာတော်များက ပရိတ်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ကြသည်။

ဆက်လက်၍ ပင့်သံဃာ ၅၅ ပါးတို့အား ဧည့်ပရိသတ်များက ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုဆက်ကပ်လှူဒါန်းကြပြီး မဟာနန္ဒိသေနာရာမတိုက် နဝမအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ အနုမောဒနာတရားနာယူတော်မူကြပြီး ဆွမ်းအလှူရှင် ဒေါက်တာဝင်းသန်း-ဒေါက်တာသိဂီကျော် (ပုဂံမင်္ဂလာဟိုတယ်)မိသားစုက ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဧည့်ပရိသတ်များကို မျိုးမြန်မာ မြန်မာမှုတေးဂီတအဖွဲ့က ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

MM



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစန်းလွင်ဦး-ဒေါ်တင်မာဝင်း၊ ဒေါ်စင်အုန်းမြင့် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀၀၊ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတရေ ဦးရိုးလင်း၊ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# သကြ်ာန်ကာလအတွင်း လာရောက်အပန်းဖြေနိုင်ရန် ဝါးနက်ဆင်စခန်းကို ဖွင့်လှစ်ပေးထားမည်



**မန္တလေး မေ ၅**

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာရေလှောင်တမံသွားကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ဝါးနက်ဆင်စခန်းသို့ သကြ်ာန်ကာလအတွင်း လာရောက်အပန်းဖြေနိုင်ရန် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဝါးနက်ဆင်စခန်း၏ ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ဝါးနက်ဆင်စခန်းမှ ခရီးသွား ပြည်သူများအတွက် သဘာဝတောတောင် ရှုခင်းအလှများနှင့် ဆင်စီးပြီးအပန်းဖြေနိုင်ရေး ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း၊ သကြ်ာန်ကာလတွင်လည်း လာရောက် လည်ပတ်ကြသူများအတွက် ဘန်ဂလိုတဲများ၊ သစ်ပင်အောက်တွင် ဝါးကွပ်ပျစ်များကိုလည်း ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ဝါးနက်ဆင်စခန်းသို့ လာရောက် အပန်းဖြေကြသူများအတွက် ဖျော်ရည်မျိုးစုံနှင့် စားသောက်ဖွယ်ရာများ အဆာပြေစားသောက်နိုင်ရန် ဆိုင်များကိုဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆင်များ၏ နှာမောင်းများဖြင့် ရေပက်ဖျန်းကြိုဆိုခြင်းများ၊ သကြ်ာန်ရေကစားနိုင်ရေးအတွက် သကြ်ာန်မဏ္ဍပ်ငယ်ထိုးပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးနက်ဆင်စခန်းကို နေ့စဉ် လာရောက် အပန်းဖြေသူတွေနဲ့ လပြည့်နေ့တွေဆိုရင် အပန်းဖြေသူတွေနဲ့ စည်ကားနေပါတယ်။ သကြ်ာန်တွင်း လာရောက်အပန်းဖြေသူတွေအတွက် ဘန်ဂလိုတဲ၊ သဘာဝကျွန်းစားပွဲ၊ ကျောက်စားပွဲ၊ သစ်သားခုံတန်းရှည်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ဒါ့ပြင် ကလေးကစားကွင်းတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဆင်တွေရဲ့ သဘောသဘာဝတွေကို သိရှိစေဖို့ကိုလဲ လေ့လာသူတွေနဲ့မေးမြန်းသူတွေအတွက် ဗီနိုင်းတွေချိတ်ဆွဲပြီးတော့ ရှင်းလင်းဆွေးနွေးပေးပါတယ်"ဟု ဦးတိုးအောင်က ပြောပြသည်။

အဆိုပါဝါးနက်ဆင်စခန်းတွင် ဆင်စီး၍ တောတောင်ရှုခင်းများကြည့်ရှုနိုင်ခြင်း၊ ဆင်များ၏လိမ္မာမှုများပြသခြင်း စသည့်ဝန်ဆောင်မှုများပေးနေပြီး လာရောက်သူများက ဆင်များကို အစာကျွေးခြင်း၊ ဆင်နှင့်အတူ ဓာတ်ပုံရိုက်ခြင်းတို့ပြုလုပ်ကြကြောင်း၊ ဆင်စခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ဆင်စီးသည့် ဝန်ဆောင်မှုအတွက် ခရီးတိုဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်ဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ကျသင့်ကြောင်း လက်ထောက်မန်နေဂျာ ဦးတိုးအောင်ထံမှ သိရသည်။

(၁၈၅)

# သာစည်မြို့နယ် ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပုလဲကျေးရွာအုပ်စု ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာပုလဲလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံ ၃၁၀၃၃ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံ ၃၁၀၃၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၀ ဒသမ ၉၅ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဂျုံ ၃၁၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် မစိုက်ခင်အချိန်ကနေလက်ရှိအချိန်ထိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဂျုံ ၃၁၀၃၆ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၁၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းသီးနှံများအားလုံးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂျုံတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

(၂၀၆)



# ဥတုကူးပြောင်းချိန်တွင်ဖြစ်တတ်သော အာဂန္တုကအဖျား

ကြည်လွင်မြင့်(မုဒြာ)

ယခုအခါ ဥတုအကူးအပြောင်းကြောင့် နှာစေး၊ ချောင်းဆိုးနှင့် အဖျားရောဂါဖြစ်သူများကြသည်။ လူတချို့က တုပ်ကွေးဖျားသည်။ တစ်ဦးမှတစ်ဦး ကူးလွယ်သဖြင့် တုပ်ကွေးဖြစ်သည်။ ဥတုတုပ်ကွေး၊ ရာသီတုပ်ကွေး စသည်ဖြင့်အမျိုးမျိုးပြောဆိုနေကြသည်။

အမှန်က ယခုကဲ့သို့ ဥတုရာသီတစ်ခုမှတစ်ခုသို့အကူးအပြောင်းတွင်ဖြစ်သောအဖျားမှာ မြန်မာဆေးကျမ်းများအလိုအရ "အာဂန္တုကအဖျား" ဟုခေါ်သည်။ တုပ်ကွေးဖျားဟူ၍ အခေါ်အဝေါ်မှာမြန်မာဆေးကျမ်းများတွင်မရှိပါ။ မတွေ့ရပါ။

"အာဂန္တုက"ဆိုသည်မှာ ဧည့်သည်၊ ခေတ္တလာရောက်သူကိုခေါ်သည်။ အာဂန္တုကအဖျားဆိုသည်မှာ ခေတ္တရက်ပိုင်းမျှသာ ဖျားသောအဖျားကိုဆိုလိုသည်။ ကိုယ်ခံအားညံ့သူများတွင် အခြားဥပဒ္ဒဝေါများ ဝင်လာပြီး အဆင့်တက်သွားလျှင် ဒွေးဝန်းဖျား၊ သန္နိပါတ်ဖျားများဖြစ်ပြီး အဖျားရက်ရှည်သွားနိုင်သည်ဟု ဆေးကျမ်းများကဆိုသည်။

မြန်မာ့ရိုးရာဆေးပညာ (Traditional Medicine) စစ်စစ် ဒေသနာနယဆေးပညာတွင် ရောဂါရောက်ကြောင်း (ဝါ) ရောဂါဖြစ်ရခြင်းအကြောင်း၊ တစ်နည်း နာဖျားမကျန်းဖြစ်ရခြင်းအကြောင်း လေးပါးရှိသည်။ လေးမျိုးရှိသည်မဆိုဘဲ လေးပါးရှိသည်ဆိုခြင်းက ဘုရားဟောဒေသနာနှင့်ဆက်နွယ်နေသဖြင့် အလေးအမြတ်ထား၍ ဆိုခြင်းဖြစ်သည်။ ၎င်းတို့မှာ-

၁။ ကံ

၂။ စိတ်

၃။ ဥတု

၄။ အာဟာရ တို့ဖြစ်သည်။

အထက်ပါအကြောင်း လေးပါးကြောင့် ဖျားနာရသည်။ ရောဂါရသည်ဟုဆိုလျှင် မမှားပေ။ ကံက မကောင်း၊ စိတ်ဖိစီးသည့်အလုပ်များလည်း လုပ်ရကိုင်ရနှင့် နောက်ဆုံး နှစ်ပါးဖြစ်သော ဥတုနှင့်အာဟာရကပါ နှောင့်ယှက်မှုအမျိုးမျိုးပေးမှတော့ အဖျားသည် ရက်ရှည်သည်ဟုမှတ်ရပေမည်။

အဖျားသည် အပူငုပ်ခြင်းအကြောင်းခံသည်။ (ဥဏှတေဇော) အဖျားကျပြီးပြန်တော့လည်း တစ်ကိုယ်လုံး အေးစက်၊ ညောင်းကိုက်၊ မစားချင်၊ စားလျှင်လည်း ခံတွင်းမတွေ့(အာကာသပျက်)၊ အစားပျက်တော့ လမ်းကလည်း ကောင်းကောင်းမသွား၊ ညောင်းညာ၊ (ဝါယောပျက်) ထိုအတွက် ဆေးဝါးမပါဓာတ်စာဖြင့်သာ ကုသသင့်သည်။

**အနောက်တိုင်းဆေးပညာအမြင်**


လူတိုင်းဖျားနာခြင်းကို တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့ရမည်ဖြစ်သည်။ ဖျားနာခြင်းကိုကိုယ်အပူချိန်ဖြင့် တိုင်းတာလေ့ရှိသည်။ သာမန်ကိုယ်အပူချိန် ၉၇ ဒသမ ၄ ဒီဂရီဖယ်ရင်ဟိုက်ထက်ကျော်၍ ၁၀၀ ဒီဂရီဖယ်ရင်ဟိုက်ရောက်လျှင်ပင် ကိုယ်ပူသည်ဟုသတ်မှတ်ကြသည်။ လူကြီးများတွင် အဖျားဝင်လာပြီဆိုလျှင် ကိုယ်အပူချိန်တဖြည်းဖြည်းတက်လာပြီး ၁၀၃ ဒီဂရီဖယ်ရင်ဟိုက် (၃၉ ဒသမ ၄ ဒီဂရီစင်တီဂရိတ်) ထိ ရောက်လျှင် စိုးရိမ်ရသောအဖျားဖြစ်သည်ဟုဆိုသည်။ လူကြီးများမှာ ခံနိုင်ရည်ရှိသော်လည်း လူငယ်နှင့် မွေးကင်းစကလေးများမှာ ကိုယ်ပူလျှင်ချက်ချင်းညှိုးနွမ်းသွားပြီး အစားအသောက်မဝင်ဘဲဖြစ်တတ်သည်။

အဖျားအတွက် ကိုယ်အပူချိန်သာမန်တက်ရုံဖြင့် ဆေးသောက်ခြင်းသည် မှားသောအယူအဆဖြစ်သည်ဟုဆိုသည်။ အအေးမပတ်အောင် နွေးနွေးထွေးထွေးနေခြင်း၊ ရေများများသောက်ခြင်း၊ စွပ်ပြုတ်စသည် ပူပူနွေးနွေးသောက်ပေးခြင်းဖြင့် ကိုယ်ပူပြန်ကျသွားနိုင်သည်။ တစ်ရက်အတွင်း ကိုယ်ပူမကျမှသာ ဆေးသောက်သင့်သည်။ ကိုယ်ပူချိန်တက်ခြင်းသည် ခန္ဓာကိုယ်ပြင်ပမှ ဝင်ရောက်လာသောပိုးမွှားများကို ခန္ဓာကိုယ်က ပြန်လည်တိုက်ခိုက်နေသော လုပ်ရပ်တစ်ခုဖြစ်သည်ဟု မှတ်ယူနိုင်သည်။

အချို့အဖျားများသည် တစ်နေ့အတွင်းတွင်ပင် ကိုယ်ပူချိန်အတက်အကျအလွန်များသည်။ အချို့အဖျားများမှာ နေ့တွင်ကိုယ်ပူချိန်တက်ပြီး ညတွင် ကိုယ်ပူချိန်ကျသွားတတ်သည်။ အချို့အဖျားများမှာ ရက်ရှည်တက်ဖျားကျဖျားဖြစ်နေတတ်သည်။ ငှက်ဖျား၊ တီဘီရောဂါကြောင့်ဖြစ်သောအဖျားများတွင် အဖျားကျဆေး၊ ကိုယ်ပူကျဆေးသာမက ပိုးသတ်ဆေးပါ သောက်ရန်လိုအပ်သည်။ သက်ဆိုင်ရာဆရာဝန်များ ညွှန်ကြားချက်အတိုင်း လိုက်နာရမည်ဖြစ်သည်။

**တိုင်းရင်းဆေးနှင့်အဖျားရောဂါအမြင်**

တိုင်းရင်းဆေးပညာတွင် အကျဉ်းအားဖြင့် အပူဖျား၊ အအေးဖျားဟူ၍ နှစ်မျိုးသာရှိသည်။ ထိုအဖျားနှစ်မျိုး



တို့သည် ပိုးကြောင့်ရောဂါတစ်ခုခုကပ်ငြိ၍ဖြစ်ခြင်းမှလွဲ၍ နွေမှမိုးအကူး၊ မိုးမှဆောင်းအကူး၊ ဆောင်းမှနွေအကူး ဥတုအကူးအပြောင်းအခါများတွင် ဖြစ်လေ့ရှိသည်။ ထို့ပြင် နေပူထဲမှလာပြီး ရုတ်တရက်အအေးခံခြင်း၊ အအေးထဲမှလာပြီး ရုတ်တရက်နေပူမိခြင်းစသောအကြောင်းအရာများကြောင့်ဖြစ်သော အဖျားများလည်းရှိသည်။ အလွန်ပူပြင်းသောနွေရာသီတွင် Heat Storke ခေါ် အပူလျှပ်၍ လေဖြတ်ခြင်း၊ သေဆုံးခြင်းများလည်းဖြစ်နိုင်သည်။

အပူနာနှင့်အအေးနာခွဲခြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာစစ်စစ်ဖြစ်သော ဒေသနာနယဆေးပညာအလိုအရ -

၁။ ဆီးနည်းလျှင်၊ ဆီးနီလျှင်၊ ဆီးဝါလျှင် အပူနာ။

၂။ ဆီးများလျှင်၊ ဆီးဖြူလျှင်၊ ဆီးအေးလျှင် အအေးနာ။

၃။ ဝမ်းချုပ်ပြီးအပူအထက်ဆောင်လျှင် အတက်နာ။

၄။ ဝမ်းမချုပ်ဘဲ လေဝမ်းမကွဲဖြစ်နေလျှင် အသက်နာ။

အထက်ပါ လေမျိုးတို့ကိုကုသရာတွင် ဆေးဆရာများသည် အပူနာကို အအေးစာပေး၊ အအေးနာကို အပူစာပေး၊ အတက်နာကို အသက်စာပေး၊ အသက်နာကို အတက်စာပေး၍ ကုသရသည်ဟုဆိုသည်။

အပူစာများမှာ နွားသား၊ ဆိတ်သား၊ ကြက်သား၊ ချိုးသား၊ ခါသား၊ မြင်းသား၊ သိုးသားတို့ဖြစ်ကြသည်။ အသီးအနှံများတွင် ဥသျှစ်သီး၊ ဒူးရင်းသီး၊ တညင်းသီး၊ ချင်း၊ သရက်ကင်းစသည်တို့ဖြစ်သည်။ အရွက်များတွင် ပိုးစာရွက်၊ ဒန့်သလွန်ရွက်၊ မိုးနံ့ရွက်၊ ဥသျှစ်ရွက်၊ ခွေးတောက်ရွက်၊ ရှောက်ရွက်၊ ဇီရာရွက်၊ ကြက်သွန်မြိတ် စသည်များဖြစ်ကြသည်။

အအေးစာများမှာ ဝက်သား၊ ဝမ်းဘဲသား၊ ရေကြက်သား၊ ဗျိုင်းသား၊ ဝမ်းဘဲဥ၊ ငါးဥများ၊ ကျွဲနို့၊ ဆိတ်နို့ စသည်တို့ဖြစ်ကြသည်။ အသီးအနှံများတွင် မန်ကျည်းရွက်၊ ပြည်ပန်းညိုရွက်၊ သနပ်ရွက်၊ သခွတ်ပွင့်၊ လယ်ပတူ၊ ကင်းပုံသီး၊ ကင်းပုံရွက်၊ ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးရွက်၊ မဲဇလီစသည်တို့ဖြစ်သည်။ အသီးများတွင် ငှက်ပျောသီးမျိုးစုံ၊ မင်းကွတ်သီး၊ သစ်တော်သီး၊ ရှောက်သီး၊ စောင်းလျားသီး၊ မန်ကျည်းသီးမှည့် စသည်တို့ဖြစ်ကြသည်။

**ဖျားနေသူကိုပြုစုနည်းများ**

ဖျားနေသူကို ရှေးအခါက လေတိုက်မခံဘဲလေလုံသောအခန်းတွင်ထားပြီး စောင်ခြုံ၍ဆေးပူများ၊ချွေးထုတ်ဆေးများတိုက်ကျွေးလေ့ရှိသည်။ ထိုနည်းမှာ အမြဲတမ်းမမှန်ကန်။ အန္တရာယ်ရှိသောနည်းလမ်းဖြစ်သည်။ ဖျားနာသူသည် လေကောင်းလေသန့်လိုအပ်သည်။ လေလုံနေခြင်း၊ အသက်ရှူမဝခြင်းတို့ကြောင့် အဖျားပို၍ ဆိုးစေနိုင်သည်။

ဖျားနာသူကို အဖျားကျဆေး၊ ကိုယ်ပူကျဆေးတိုက်ကျွေးသော်လည်း အခြားသတိပြုရမည့်အချက်များရှိသေးသည်။ ထိုအချက်များမှာ-

၁။ ဖျားသူသည် ဝမ်းမှန်၊ မမှန်မေးမြန်းရမည်။ နှစ်ရက်၊ သုံးရက်ထက်ကျော်လွန်၍ ဝမ်းချုပ်နေပါက သင့်လျော်သော ဝမ်းနုတ်ဆေးပေးရမည်။ သို့မဟုတ် ဝမ်းချူသောနည်းဖြင့် ဝမ်းသွားအောင် ပြုလုပ်ပေးရမည်။

၂။ ဖျားနေသူသည် မူလက အစာအိမ်ရောဂါ ရှိ၊ မရှိ၊ အစာကြေ၊ မကြေ၊ အစာချက်၊ မချက် သတိပြုရမည်။ အချို့သူများတွင် အစာအိမ်မကောင်းသဖြင့်ဖျားနာသော်လည်း အစာအိမ်ကိုထိခိုက်စေနိုင်သည့် အကိုက်အခဲပျောက်ဆေးများ၊ အစာအိမ်ကို သွေးယိုစေနိုင်သည့်ဆေးများပေး၍မဖြစ်သည်ကို သတိပြုရမည်။ ဖျားနေသူကို မာကြောသောအစာများ၊ အေးစက်သောအစာများ၊ ကြေခဲသောအစာများ၊ ဝမ်းချုပ်စေသောအစာများ မပေးသင့်သည်ကို အထူးသတိပြုပါ။

**အဖျားကျသွားပြီးနောက် နာလန်ထတွင်ပြုလုပ်ရမည့်အချက်များ**

အဖျားကျသွားသော်လည်း လူကောင်းဖြစ်သွားပြီဟု မယူဆနိုင်ပေ။ ထိုအချိန်သည် နာလန်ထအချိန်ဟုခေါ်သည်။ ထိုအချိန်တွင် စားချင်သောက်ချင်စိတ်မရှိ၊ နုံးချည့်နေတတ်သေးသည်။ တရှောင်ရှောင်ဖြစ်နေသည်ဟုလူကြီးများက ပြောလေ့ရှိသည်။ ရေချိုးချိန်ကိုလည်း ရေချိုးရက်ရွေးပြီးမှ ချိုးပေးလေ့ရှိကြသည်။ ခံတွင်းလိုက်စေသည့်အစာများ ကျွေးလေ့ရှိကြသည်။ အစာကြမ်းလျှင် နောက်တစ်ကြိမ်ပြန်ဖျားနိုင်သည်ကို သတိပြုရမည်။ နာလန်ထလူနာများအတွက် အောက်ပါအတိုင်းဆောင်ရွက်ပေးလျှင် အကောင်းဆုံးဖြစ်သည်-

၁။ နံနက်နေတက်ချိန်တွင် ရေချိုးပါ။ ရေမချိုးမီ အုန်းစိမ်းရည်သောက်ပါ။(အုန်းစိမ်းနုနုအရည်သောက်အုန်းသီးကို ထိပ်ဖွင့်ပြီးလျှင်အပြင်သို့မသွန်ဘဲ ဖျော်ရည်သောက်ပိုက်ဖြင့် စုပ်၍သောက်ပါ။ အုန်းရည်ကိုအပြင် သွန်ပြီးမှသောက်လျှင် လေသလပ်ပြီး အချဉ်ဓာတ်ဝင်သွားနိုင်သည်။

၂။ ရေချိုးလျှင် ဦးခေါင်းမှလောင်းချိုးပါ။ ရေအေးဖြင့်သာချိုးပါ။ နံနက်ဦးခေါင်း ညဒူးခေါင်း နည်းလမ်းအတိုင်း ခေါင်းမှလောင်းချိုးပါ။

၃။ ထမင်းစားလျှင် ပူပူနွေးနွေးစားပါ။ ထမင်းကို ပေါင်းအိုးနှင့်မချက်နှင့်။ ထမင်းရည်ငှဲ့ချက်ပါ။

၄။ ကျောက်ဖရုံသီးဟင်းချိုချက်ပြီး ငရုတ်ကောင်းမှုန့်ခတ်သောက်ပါ။ ဝမ်းတွင်းတွင် အောင်းနေသောအပူများ ဆီးမှထွက်သွားအောင် ကျောက်ဖရုံသီးက အစွမ်းထက်ပါသည်။

၅။ နေ့လယ်ခင်းတွင် အဖြည့်စာအဖြစ် ထန်းလျက်သာဂူပူပူလေးသောက်ပေးပါ။ ဝမ်းမီးတောက်ပြီး အစာစားချင်စိတ်များ ပြန်လည်ဖြစ်ပေါ်လာပါလိမ့်မည်။

၆။ ရိုးရာဆေးပညာ ဓာတ်စာဆရာကြီးများပေးလေ့ရှိသော နာလန်ထ ခံတွင်းကောင်းဓာတ်စာမှာ ငါးဖယ်အောင်းငါးပိကောင်ဖြစ်သည်။ ငါးဖယ်အောင်းသည် ငွေရောင်အကြေးခွံရှိသောငါးမျိုးဖြစ်သည်။ အစိုအတိုင်းချက်စားလျှင် အရိုးများသဖြင့် ငါးပိကောင်လုပ်ပြီး စားလေ့ရှိကြသည်။ ငါးကိုဆားဖြင့်နယ်၍ မြေအိုးတွင်သိပ်ပြီး အပေါ်မှ ဆားဖြင့်ဖိထားသောအခါ ငါးပိကောင်ဖြစ်လာသည်။ ထိုငါးပိကောင်မှာ တာရှည်အထားခံသော မြန်မာ့ရိုးရာအစားအစာဖြစ်သည်။ ငါးဖယ်အောင်း ငါးပိကောင်ကို အပြင်ခွံပါးပါးလေးကျွမ်းသွားအောင် မီးကင်စားခြင်း သို့မဟုတ် ကြော်စားခြင်းပြုလုပ်ကြသည်။ ငါးဖယ်အောင်းငါးပိကောင်ကို ပူပူနွေးနွေး နှမ်းဆီလောင်းပြီး ငရုတ်သီးမှုန့်အနည်းငယ်ဖြူး၍ အဖျားပြတ်နာလန်ထသူကို ထမင်းဆီဆမ်းဖြင့် ပူပူနွေးနွေးကျွေးလေ့ရှိသည်။ ဒန့်သလွန်ရွက်ဟင်းချို၊ ဘူးသီးဟင်းခါး၊ ကျောက်ဖရုံသီးဟင်းခါး၊ ပိတ်စွယ်ဟင်းချို၊ ဥသျှစ်ရွက်ဟင်းချို စသည်များသည် ငါးဖယ်အောင်းငါးပိကောင်နှင့် လိုက်ဖက်သောဟင်းချိုများဖြစ်သည်။

၇။ နာလန်ထလူနာသည် အမျိုးသမီးဖြစ်ပါက သင့်လျော်သောအချိန်တွင် ရေချိုးပြီး ကရမက်ကို သွေးလိမ်းပေးခြင်းဖြင့် အနာရောဂါကင်းစေနိုင်သည်။ မိန်းမအသက်ကရမက်ဟုလည်း အဆိုရှိသည်။ အမျိုးသားများမှာမူ နံ့သာလိမ်းကျံရန်မလိုအပ်သော်လည်း အချို့မှာ အပူကင်းစင်စေရန်သနပ်ခါးမြစ်ကိုသွေးပြီး ခပ်ပါးပါးလိမ်းပေးလေ့ရှိသည်။ သွေးထားသော သနပ်ခါးကိုလည်း မလိမ်းမီ အနည်းငယ်စားလေ့ရှိသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ခရမ်းလွန်ရောင်ခြည်

- သံလိုက်စက်ကွင်း
လွန်အားပြင်းသည့်
နေမင်းစကြာ
ပေါက်ကွဲပါသော်
ခါတော်ဆင်သိုင်း
နေမုန်တိုင်းက
ရောင်လှိုင်းဖြာကျွံ
ခရမ်းလွန်နှင့်
တစ်သွန်ဆန်းစစ်
ကော့စမစ်တို့
ထွက်လို့ပျံ့နှင်
ဝလာခွင်တည်း။

- ကော့စမစ်က
အာကာသတွင်
လျှင်စွာပျက်သုဉ်း
သက်ပြုန်းသည့်တိုင်
မယိုင်တစ်သွန်
ခရမ်းလွန်က
လေကျွံ့ထွင်းဖောက်
မြေသို့ရောက်ကာ
မထောက်ညှာကြင်
ရောင်ဖြာစဉ်မို့
အသင်လူသား
သတိထားလော့။ ။

**ပါမောက္ခကိုကိုအောင်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ထိုင်းဘောကျားစပါးအမျိုးအစား တင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ မတ် ၃၁ ရက်ထိ တစ်လတာကာလအတွင်း ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျားစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်းက တင်ပို့ရောင်းချခဲ့သည့်ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉ သိန်းထိ ဈေးရှိနေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သန်လျင် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မင်္ဂလွန်းကျေးရွာအုပ်စု မင်္ဂလွန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က မင်္ဂလွန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်္ဂလွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊အသင်းသူ ၂၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါး ၁၅၂၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါး ၁၅၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၁၁၂၀ စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ဧကများကို သစ်ဆုံဆည်နှင့် ကျီးနီကန်ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ နွေစပါး ဧက ၁၁၂၀ စိုက်ပျိုးဖို့လျာထားပြီး လက်ရှိမှာ ၁၅၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးကို စပါးမျိုး လေးမျိုး အဓိကထားစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ညွှန်ကြားချက် နည်းစနစ်တွေနဲ့ စိုက်ပျိုးနေပါတယ်။ အခုစိုက်ပျိုးနေတဲ့မျိုးတွေအပြင် အခြားအထွက်နှုန်းကောင်းမျိုးတွေကိုလဲ စိုက်ပျိုးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးမှုကို စိုက်ပျိုးရေးဦးစီးဌာန၏ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနည်းစနစ်များဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးနေသည့်စပါးမျိုးများမှာ မနောသုခ၊ ပုလဲသွယ်၊ ရွှေသွယ်ရင်၊ သီးထပ်ရင် ဟူသည့် အထွက်နှုန်းကောင်း စပါးမျိုးများကို အဓိကထားစိုက်ပျိုးနေကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဘာလ်တီမိုးမြို့သို့ သွားရောက်မည်

**နယူးယောက် မေ ၅**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဖရန့်စစ်စကော့ကီး မြစ်ကူးတံတားအပျက်အစီးများကို စစ်ဆေးရေးအတွက် မာရီလန်းပြည်နယ် ဘာလ်တီမိုးမြို့သို့ ယနေ့တွင် သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဘာလ်တီမိုး ခရီးစဉ်အတွင်း သမ္မတဂျိုးဘိုင်ဒင်သည် ဖရန့်စစ်စကော့ကီး မြစ်ကူးတံတားပြိုကျမှုကြောင့် သေဆုံးခဲ့ရသည့် အလုပ်သမားငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များနှင့်လည်း တွေ့ဆုံရန်စီစဉ်ထားသည်။

ဖရန့်စစ်စကော့ကီး မြစ်ကူးတံတားသည် ကုန်သေတ္တာတင်သင်္ဘောတစ်စီး၏ ဝင်တိုက်မှုကြောင့် မတ် ၂၆ ရက်တွင် ပြိုကျခဲ့ရသည်။

အဆိုပါ တံတားပြိုကျမှုကြောင့် ဘာလ်တီမိုးမြို့ဆိပ်ကမ်း၏ အဝင်အထွက်ရေလမ်းကြောင်းများ ပိတ်ခဲ့ရသည်။

ဘာလ်တီမိုးဆိပ်ကမ်း ပိတ်ထားရမှုကြောင့် စီးပွားရေးပြဿနာများ ရှိလာနိုင်ကြောင်း မာရီလန်းပြည်နယ် တာဝန်ရှိသူများက သတိပေးထားချိန်တွင် ဘာလ်တီမိုးမြို့သို့ သွားရောက်ရန် သမ္မတဂျိုးဘိုင်ဒင်က စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင်ဘာလ်တီမိုး ဆိပ်ကမ်းသည် အမေရိကန်နိုင်ငံ၏ ထိပ်တန်းဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အိန္ဒိယအစိုးရက ကန့်သတ်ပို့ကုန်များ မော်လ်ဒိုက်သို့တင်ပို့မှု ခြွင်းချက်အားဖြင့် ခွင့်ပြုပေးထား



**ဒေလီ မေ ၅**

သကြား၊ ဂျုံ၊ ဆန်နှင့် ကြက်သွန်နီအပါအဝင် ကန့်သတ်ပို့ကုန်များကို အိန္ဒိယနိုင်ငံက မော်လ်ဒိုက်နိုင်ငံသို့ တင်ပို့ခွင့်ပေးထားကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာနေသော်လည်း ကန့်သတ်ပို့ကုန်များကို မော်လ်ဒိုက်သို့တင်ပို့ရန် အိန္ဒိယအစိုးရက ခွင့်ပြုထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ဆန်၊သကြားနှင့် ကြက်သွန်နီအများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ပြည်တွင်းကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် အဆိုပါပို့ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခွင့် ကန့်သတ်ထားခြင်းဖြစ်သည်။

သို့ရာတွင် ပြည်ပတင်ပို့ခွင့် ကန့်သတ်ထားသော ပို့ကုန်များကို ခြွင်းချက်အနေဖြင့် မော်လ်ဒိုက်သို့ တင်ပို့ခွင့်ပေးထားကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

မော်လ်ဒိုက်နိုင်ငံသည် အစဉ်အလာအရ အိန္ဒိယနှင့် ဆက်ဆံရေးခိုင်မာသော အိန္ဒိယသမုဒ္ဒရာဒေသနိုင်ငံဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် ရွေးကောက်ပွဲ၌ တရုတ်နိုင်ငံကို လိုလားသည့် လက်ရှိ မော်လ်ဒိုက်သမ္မတမူအစ်ဇူ အနိုင်ရခဲ့ပြီးနောက်ပိုင်း မော်လ်ဒိုက်နှင့် အိန္ဒိယတို့အကြား ဆက်ဆံရေး တင်းမာခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ဂါဇာဒေသအတွက် အာရက်ဇ်နယ်စပ်ပေါက် ဖွင့်ပေးရန် အစ္စရေးအစိုးရ သဘောတူ

**ဂျေရုဆလင် မေ ၅**

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိုမိုပေးပို့နိုင်ရေးအတွက် ဂါဇာမြောက်ပိုင်းရှိ အာရက်ဇ်နယ်စပ်ပေါက်ကို ဖွင့်ပေးရန် အစ္စရေးနိုင်ငံက မေ ၄ ရက်တွင် သဘောတူခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ရာတွင် အစ္စရေးဘက်ပိုင်း အက်ရှ်ဒေါ့ဆိပ်ကမ်းကို ယာယီအသုံးပြုခွင့်ပေးရန်လည်း အစ္စရေးအစိုးရက သဘောတူထားကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပိုမိုရောက်ရှိရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများ ဆောင်ရွက်ပေးရန် အမေရိကန်အစိုးရက တိုက်တွန်းခဲ့ပြီးနောက် အာရက်ဇ်နယ်စပ်ပေါက်ကို ဖွင့်ပေးရန် အစ္စရေးနိုင်ငံက သဘောတူခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသနေ ပါလက်စတိုင်းပြည်သူများ ရင်ဆိုင်နေရသည့် ဒုက္ခများလျော့ပါးစေရေးအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် မေ ၄ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးစဉ် သမ္မတဂျိုးဘိုင်ဒင်က တိုက်တွန်းထားသည်။

အာရက်ဇ်နယ်စပ်ပေါက်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၆ ရက်က ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံကိုတိုက်ခိုက်ခဲ့ချိန်တွင်ပျက်စီးခဲ့ရပြီး ပိတ်ထားခဲ့ရသည့် နယ်စပ်ပေါက်တစ်ခုဖြစ်သည်။

အစ္စရေးအစိုးရသည် ကီရမ်ရှလုမ် နယ်စပ်ပေါက်မှတစ်ဆင့် ဂျော်ဒန်နိုင်ငံ၏ အကူအညီများ ဂါဇာကမ်းမြောင်သို့ ပိုမိုပို့ဆောင်ခွင့်ပြုရန်လည်း သဘောတူထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အီရန်တော်လှန်ရေးအစောင့်တပ်က ဒမတ်စကတ်ရှိ အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် တုံ့ပြန်မည်ဟုပြောကြား

**တီဟီရန် မေ ၅**

ယခုသီတင်းပတ်အတွင်း ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးဝင်း တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသော အီရန်စစ်ဘက်အရာရှိကြီးများ၏ ဈာပနအခမ်းအနားကို အီရန်နိုင်ငံက ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင်များက အဆိုပါ ဈာပနအခမ်းအနားတွင် ထပ်လောင်းကတိပြုခဲ့ကြသည်။

ဧပြီ ၁ ရက်တွင် ဖြစ်ပွားခဲ့သည့် ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးတိုက်ခိုက်ခံရမှုတွင် အီရန်တော်လှန်ရေးအစောင့်တပ် ဗိုလ်ချုပ်တစ်ဦးနှင့် စစ်ရေးအကြံပေး ခြောက်ဦး သေဆုံးခဲ့ရသည်။

ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးကို အစ္စရေးနိုင်ငံက လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက စွပ်စွဲထားပြီး အစ္စရေးကို လက်တုံ့ပြန်မည်ဟူ၍ ပြောကြားထားပြီးဖြစ်သည်။

အီရန်နိုင်ငံကို ရန်ပြုလာသည့် လုပ်ရပ်မှန်သမျှကို မိမိတို့အနေဖြင့် မလွဲမသွေ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ယနေ့ ဈာပနအခမ်းအနားတွင် အီရန်တော်လှန်ရေးအစောင့်တပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဟောဆိန်းဆာလာမီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒမတ်စကတ်ရှိ အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် အီရန်က လက်တုံ့ပြန်မှုများ ပြုလုပ်လာနိုင်မှုကြောင့် အစ္စရေးစစ်ဘက်သည် တိုက်ပွဲဝင်တပ်များမှ စစ်သည်များ ခွင့်ရက်ယူခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ် ရှရစ်ဖ် ဆော်ဒီအာရေဗျသို့ သွားရောက်မည်

**အစ္စလာမ္မာဘတ် မေ ၅**

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ် ရှရစ်ဖ်သည် နှစ်ရက်ကြာ ဆော်ဒီအာရေဗျ ခရီးစဉ်အတွင်း ဆော်ဒီအိမ်ရှေ့မင်းသားနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာရစ်သည် ၄င်း၏ ဆော်ဒီအာရေဗျခရီးစဉ်ကို ဧပြီ ၆ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ပါကစ္စတန်ဝန်ကြီးချုပ်သစ် ရှရစ်ဖ်အတွက် ဝန်ကြီးချုပ်ရာထူးရယူပြီး နောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်လည်းဖြစ်သည်။

ဆော်ဒီခရီးစဉ်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှရစ်ဖ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိမည့် ပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံသည် ဘဏ္ဍာရေးအကျပ်အတည်းကာလ အတွင်း ဆော်ဒီအာရေဗျ၏ ဘဏ္ဍာရေးအကူအညီ ရယူခဲ့ရသည့်နိုင်ငံဖြစ်သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံသည် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအတွက် ဆော်ဒီအာရေဗျ၏ ရင်းနှီးမြှုပ်နှံမှုများကို ရယူရန်လည်း ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref:RT**

**Trs: KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံပင်မကိုယ်ထည်များကို သံမဏိကြိုးမျှင်တန်းကွန်ရက်ဖြင့် ပြန်လည်ဖမ်းယူရန်စီစဉ်ထား



**ပေကျင်း မေ ၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံပင်မကိုယ်ထည်များကို သံမဏိကြိုးမျှင်တန်းကွန်ရက်ဖြင့် ပြန်လည်ဖမ်းယူရန် စီစဉ်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အကြိမ်ကြိမ် ပြန်လည်အသုံးချနိုင်မည့် ဒုံးပျံပင်မကိုယ်ထည်များကို တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီအနေဖြင့် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံပင်မကိုယ်ထည်များကို ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် စတင်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံပင်မကိုယ်ထည် ပြန်လည်ရယူပုံသည် အမေရိကန်အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ နည်းလမ်းနှင့် အနည်းငယ်ကွာခြားမှုရှိကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီ၏ ဒုံးပျံပင်မကိုယ်ထည်သည် လွှတ်တင်ပြီးနောက် ပင်လယ်ပြင်အတွင်း နေရာချထားသော ဒုံးပျံဆင်းသက်ရေးစင်ပေါ်သို့ ပြန်လည်ဆင်းသက်လာချိန်တွင် သံမဏိဆိုင်းကြိုးများက ၎င်းဒုံးပျံပင်မကိုယ်ထည်ကို ဖမ်းထိန်းပေးထားမည်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံကမူ ခြေထောက်တံသုံးချောင်း၏အကူအညီဖြင့် ပြန်လည်ဆင်းသက်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## အာတိတ်ဒေသရာသီဥတုလေ့လာရေးဂြိုဟ်တုတစ်စင်းကို ဇွန်လအတွင်း လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထား

**ပဲရစ် မေ ၅**

ယခုနှစ် ဇွန်လအတွင်း အာတိတ်ဒေသ ရာသီဥတုလေ့လာရေး ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရန် ဥရောပ အာကာသအေဂျင်စီက စီစဉ်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

AWS အမည်ရှိ အဆိုပါ အာတိတ်ဒေသ မိုးလေဝသ လေ့လာရေးဂြိုဟ်တု၏ မစ်ရှင်သက်တမ်းမှာ သုံးနှစ်ထိရှိမည်ဖြစ်သည်ဟု ဥရောပအာကာသ အေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် AWS အာတိတ်ဒေသ မိုးလေဝသ လေ့လာရေးဂြိုဟ်တုကို Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း



သိရသည်။

AWS ဂြိုဟ်တုသည် အလေးချိန် ၁၂၅ ကီလိုဂရမ်ရှိပြီး နေစွမ်းအင်ပြားများဖြန့်ထုတ်ချိန် အလျား ၁၆ ပေထိရှိကြောင်း သိရသည်။

AWS အာတိတ်မိုးလေဝသ ဂြိုဟ်တုကို ဥရောပအခြေစိုက် OHB အာကာသ နည်းပညာကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အာတိတ်ဒေသသည် အခြားကမ္ဘာ့ဒေသအားလုံးထက် ပူနွေးမှုပိုမြန်လာနေသော ဒေသဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Starship အာကာသဒုံးပျံကို ထပ်မံလွှတ်တင်ရေးအတွက် Space-X အာကာသနည်းပညာကုမ္ပဏီ ပြင်ဆင်နေ

**ဝါရှင်တန် မေ ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ထပ်မံလွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မေ ၄ ရက်တွင် Starship အာကာသဒုံးပျံကို တက္ကဆက်ပြည်နယ် တောင်ပိုင်း စတားဘေ့စ် အာကာသစခန်းရှိ ပစ်စင်သို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် Starship အာကာသဒုံးပျံကို စတုတ္ထအကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို စတုတ္ထအကြိမ် စမ်းသပ် လွှတ်တင်ရေးအတွက် ရက်ပ်တာအမျိုးအစား ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် Starship အာကာသဒုံးပျံကို ယခုနှစ် မေလအစောပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ၂၀၂၃ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလ၊ ယခုနှစ် မတ် ၁၄ ရက်တို့တွင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## သိုင်းရွိုက်ကင်ဆာလူနာတချို့အတွက် မိုက်ခရိုဝေ့ဗ်ကုထုံးက ကုထုံးသစ်ဖြစ်လာနိုင်

**ပေကျင်း မေ ၅**

မိုက်ခရိုဝေ့ဗ်လှိုင်း ကုထုံးသည် သိုင်းရွိုက်ကင်ဆာ လူနာတချို့အတွက် ခွဲစိတ်ကုသမှုနည်းလမ်းနေရာတွင် အစားထိုးရယူနိုင်မည့် ကုထုံးသစ်တစ်မျိုး ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၄ ရက်တွင် ပြောကြားသည်။

မိုက်ခရိုဝေ့ဗ်ဖြင့် ကင်ဆာဆဲလ်ဖယ်ရှားမှုကုထုံး (Microwave Ablation) သည် ကင်ဆာဆဲလ်များကို အပူဓာတ်ဖြင့် ဖျက်ဆီးသည့်နည်းလမ်းဖြစ်သည်။

မိုက်ခရိုဝေ့ဗ်ကုထုံးသည် သိုင်းရွိုက်ဂလင်းပေါ်ရှိ ကင်ဆာဆဲလ်များကို ရှင်းလင်းရာတွင် ခွဲစိတ်ကုသမှုနည်းလမ်းထက် ပို၍ထိရောက်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ မိုက်ခရိုဝေ့ဗ်ကုထုံးသည် ခွဲစိတ်ကုသမှုနည်းလမ်းနှင့်နှိုင်းယှဉ်ပါက ရောဂါမတိုးဘဲအသက်ရှင်သန်နိုင်မှုနည်းလမ်း အတူတူလောက်ပင်ရှိကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ မိုက်ခရိုဝေ့ဗ်ကုထုံးသည် ခွဲစိတ်ကုသမှုနည်းလမ်းနှင့် နှိုင်းယှဉ်ပါက သိုင်းရွိုက်ကင်ဆာလူနာများအတွက် ဘေးထွက်ဆိုးကျိုးပိုများကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် သိုင်းရွိုက်ကင်ဆာလူနာ ၇၀၀ ခန့်ကို မိုက်ခရိုဝေ့ဗ်ကုထုံးဖြင့် စမ်းသပ်ကုသပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အစာခြေလမ်းကြောင်းစနစ်အချို့ဗက်တီးရီးယားအုပ်စုများက အဝလွန်မှုကို အားပေးစေ့ဆော်တတ်

**မက်ဒရစ် မေ ၅**

အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယား အုပ်စုများအနက် အချို့ ဗက်တီးရီးယားအုပ်စုများသည် အဝလွန်မှုကို အားပေးစေ့ဆော်တတ်ဖွယ်ရှိကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

ထို့ပြင် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ၏ ပြုမူပုံသည် အမျိုးသားနှင့်အမျိုးသမီးများကြား ကွာခြားမှုလည်းရှိနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယား အုပ်စုများထဲတွင် အဝလွန်မှုကို တားဆီးနိုင်ဖွယ်ရှိသော အုပ်စုများရှိသကဲ့သို့ အဝလွန်မှုကို စေ့ဆော်နိုင်သည့် ဗက်တီးရီးယားအုပ်စုများလည်းရှိကြောင်း စပိန်နိုင်ငံ နာဗားရားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားအုပ်စုများစုဖွဲ့မှုပုံစံ ဟန်ချက်မညီမှုသည် အဝလွန်နိုင်ခြေမြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေနိုင်ကြောင်း စပိန် သုတေသနပညာရှင်များက ပြောကြားသည်။

စပိန် သုတေသနပညာရှင်များသည် အမျိုးသား ၁၁၀ နှင့် အမျိုးသမီး ၂၅၀ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်သည်။

စပိန် သုတေသနပညာရှင်များ၏ အဆိုအရ အဝလွန်နေသူများတွင် Christensenella Minuta ခေါ် ဗက်တီးရီးယားကဲ့သို့ အဝလွန်မှုကိုတားဆီးနိုင်သည့် ဗက်တီးရီးယားအုပ်စုများ ပါဝင်မှုအဆင့် နည်းပါးနေတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၇-၄-၂၀၂၄ (ည ၀၉း၀၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**မန်ယူ ၄ - ၃ လီဗာပူး**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**
**မန်ယူ - အိမ်(နိုင်) ဧး(သရေ) ဧး(ရှုံး)**
**လီဗာပူး - ဧး(ရှုံး) အိမ်(နိုင်) အိမ်(နိုင်)**

မန်ယူအသင်းဟာ ခံစစ်ပိုင်းလိုအပ်ချက်ကြောင့် အချိန်ပိုပွဲကစားချိန်မှာ နောက်ကျဂိုးတွေပေးလိုက်ရပြီး ရမှတ်တွေဆုံးရှုံးခဲ့ရလို့ အခုအိမ်ကွင်းပွဲစဉ်မှာ ခံစစ်ပိုင်းပြင်ဆင်လာမှာသေချာပါတယ်။ လီဗာပူးကတော့ ချန်ပီယံစိန်ခေါ်ခွင့်အတွက် ပြိုင်ပွဲတိုင်းကို ကြိုးစားကစားနေပေမဲ့ မန်ယူအသင်းအိမ်ကွင်းမှာတော့ အစဉ်အလာရ ရှုန်းကန်ရလေ့ရှိတာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ အနည်းဆုံးသရေကစားလာမဲ့ မန်ယူကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၁ - ၁ လီဗာပူး**

**ရှက်ဖီး(U) Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၇-၄-၂၀၂၄ (ည ၁၁း၀၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**ချဲလ်ဆီး ၂ - ၀ ရှက်ဖီး(U)**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**
**ရှက်ဖီး(U) - ဧး(သရေ) အိမ်(သရေ) ဧး(ရှုံး)**
**ချဲလ်ဆီး - အိမ်(နိုင်) အိမ်(သရေ) အိမ်(နိုင်)**

ရှက်ဖီး(U)ဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရလဒ်ကျဆင်းနေတာကြောင့် တန်းဆင်းဇုန်ထဲမှာ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ချဲလ်ဆီးကတော့ နောက်ပိုင်းပွဲတွေမှာ တိုက်စစ်ထက်မြက်လာပြီး နောက်ဆုံးငါးပွဲမှာ ၁၅ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ထက်မြက်နေတဲ့ ချဲလ်ဆီးအသင်းပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ရှက်ဖီး(U) ၁ - ၂ ချဲလ်ဆီး**

## အီတလီစီးရီးအေ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

ML

**မွန်ဇာ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၇-၄-၂၀၂၄ (ည ၀၇း၃၀နာရီ)**
**နောက်ဆုံးတွေ့ဆုံမှုရလဒ်**
**နာပိုလီ ၀ - ၀ မွန်ဇာ**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**
**မွန်ဇာ - ဧး(နိုင်) အိမ်(နိုင်) ဧး(ရှုံး)**
**နာပိုလီ - ဧး(ရှုံး) ဧး(သရေ) အိမ်(ရှုံး)**

အိမ်ကွင်းကစားပုံကောင်းတဲ့ မွန်ဇာဟာ ခြေရည်တူအသင်းတွေကို နိုင်ပွဲရှာနိုင်ပေမဲ့ တိုက်စစ်ကောင်းတဲ့အသင်းကြီးနဲ့ဆို ခံစစ်ပိုင်းပေးဂိုးများပြီး ရုန်းကန်နေရတာဖြစ်ပါတယ်။ နာပိုလီကတော့ ပြီးခဲ့တဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဥရောပမျှော်လင့်ချက်ရှင်သန်ဖို့အတွက် မွန်ဇာလိုအသင်းနဲ့တွေ့ချိန်မှာ တိုက်စစ်မြှင့်ပြီး နိုင်ပွဲရှာရမှာဖြစ်ပါတယ်။ ဒါကြောင့် မဖြစ်မနေနိုင်ပွဲရှာရမဲ့ နာပိုလီနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - မွန်ဇာ ၁ - ၂ နာပိုလီ**

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်း လူငယ်ခံစစ်ကစားသမား ဖာရီကိုခေါ်ယူရန် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- လီဗာပူးအသင်းက နည်းပြကလော့၏နေရာတွင် စပို့တင်းလစ္စဘွန်းနည်းပြနှင့် အစားထိုးရန်အတွက် စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း ၂၀ အသုံးပြုရန်စီစဉ်ထားပြီး လက်ရှိတွင် နည်းပြအမိုရမ်နှင့်တွေ့ဆုံရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# ချဲလ်ဆီး၊ လီဗာပူးနှင့် ပီအက်စ်ဂျီအသင်းတို့က ဗင်နီစီးယက်စ်ကို အပြိုင်ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဧပြီ ၅**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ရောက်ရှိရန် သေချာနေသောကြောင့် တိုက်စစ်မှူး ဗင်နီစီးယက်စ်အနေဖြင့် အသင်းမှထွက်ခွာနိုင်ဖွယ်ရှိသဖြင့် ချဲလ်ဆီး၊ လီဗာပူးနှင့် ပီအက်စ်ဂျီအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီး၊ လီဗာပူးအသင်းနှင့် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းတို့က အမ်ဘက်ပီအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိပါက တိုက်စစ်မှူး ဗင်နီစီးယက်စ်နှင့် အဝတ်လဲခန်းအတွင်း အဆင်မပြေမှုများရှိလာနိုင်သည်ဟု သုံးသပ်ထားသဖြင့် ဗင်နီစီးယက်စ်ကို ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေသကဲ့သို့ ပရီးမီးယားလိဂ်ကလပ်အသင်းများက ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၁၇၁ သန်းထိပေးချေရန် မျှော်မှန်းထားကြောင်းသိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အမ်ဘက်ပီကို ခေါ်ယူခဲ့ပါက အဝတ်လဲခန်းအတွင်း ပြဿနာတစ်စုံတစ်ရာဖြစ်မည်မဟုတ်ကြောင်း ယုံကြည်ထားပြီး အသင်းအနေဖြင့်လည်း ဘဏ္ဍာရေးအခက်အခဲရှိမည်မဟုတ်ဘဲ ဘရာဇီးကစားသမားနှစ်ဦးဖြစ်သည့် ဗင်နီစီးယက်စ်နှင့် ရိုဒရီဂိုတို့ကို ရောင်းချရန်မလိုသော်လည်း ပွဲထွက်ခွင့်အခက်အခဲကြောင့် အဆိုပါကစားသမားနှစ်ဦးမှ တစ်ဦးသည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိနေသည်။

ထို့ကြောင့် ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် မန်စီးတီး၊ မန်ယူနှင့် အာဆင်နယ်အသင်းတို့ကလည်း ရိုဒရီဂိုကိုခေါ်ယူနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းမှုများ ရှိနေကြောင်း သိရသည်။



Ref: Sputnik
Trs: ML

# ပရီးမီးယားလိဂ်တွင် နောက်အကျဆုံးဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ကိုးလ်ပယ်မာ မှတ်တမ်းဝင်



**လန်ဒန် ဧပြီ ၅**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၁) အဖြစ် ချဲလ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ကိုးလ်ပယ်မာအနေဖြင့် နောက်အကျဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကိုးလ်ပယ်မာက ချဲလ်ဆီးအသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်သမိုင်းတွင် တတိယမြောက် နောက်ကျသွင်းဂိုးသွင်းယူနိုင်သည့်ကစားသမားဖြစ်လာခဲ့သည်။

မန်ယူအသင်းနှင့် ပွဲစဉ်တွင် ကိုးလ်ပယ်မာသည် ပွဲကစားချိန် ၁၉ မိနစ်၊ ပွဲကစားချိန် ၉၉ မိနစ်နှင့် ပွဲချိန် မိနစ် ၁၀၀ တို့တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ဟု အမည်ပြောင်းလဲခဲ့ပြီးနောက်ပိုင်း မန်ယူအသင်းကို ဟက်ထရစ်ဂိုးသွင်းယူခဲ့သည့် ရှစ်ယောက်မြောက် ကစားသမားဖြစ်လာခဲ့သည့်အပြင် ပွဲချိန် ၉၉ မိနစ်နှင့် မိနစ် ၁၀၀ တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးများမှာလည်း ပရီးမီးယားလိဂ် သမိုင်းတွင် နောက်အကျဆုံး သွင်းဂိုးများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် နောက်အကျဆုံး ဂိုးသွင်းယူနိုင်သည့် ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ရှက်ဖီး(U)ကစားသမား မက်ဘန်နန်က ၁၀၂ မိနစ် ၇ စက္ကန့်ဖြင့် အဆင့်(၁)၊ လီဗာပူးကစားသမား ဒက်ကွက်က ၁၀၁ မိနစ် ၄၈ စက္ကန့်ဖြင့် အဆင့်(၂)၊ ချဲလ်ဆီးကစားသမား ကိုးလ်ပယ်မာက မိနစ် ၁၀၀၊ ၃၉ စက္ကန့်ဖြင့် အဆင့်(၃)၊ အာဆင်နယ်ကစားသမား ဂျီးဆပ်စ်က မိနစ် ၁၀၀ ၁၅ စက္ကန့်ဖြင့် အဆင့်(၄)၊ အေဗီလာကစားသမား ဘိုင်လီက မိနစ် ၁၀၀ ကိုးစက္ကန့်ဖြင့် အဆင့်(၅)၊ ချဲလ်ဆီးကစားသမား ဟောင်းမာတာက မိနစ် ၁၀၀ သုံးစက္ကန့်ဖြင့် အဆင့်(၆)၊ စပါးကစားသမား ကူလူဆက်စကီးက ၉၉ မိနစ် ၅၃ စက္ကန့်ဖြင့် အဆင့်(၇)၊ မန်ယူကစားသမား ဖာနန်ဒက်စ်က ၉၉ မိနစ် ၄၅ စက္ကန့်ဖြင့် အဆင့်(၈)၊ ကိုးလ်ပယ်မာက ၉၉ မိနစ် ၁၈ စက္ကန့်ဖြင့် အဆင့်(၉)၊ ရှက်ဖီး(U)ကစားသမား နော်ဝုဒ်က ၉၉ မိနစ် ၁၇ စက္ကန့်ဖြင့် အဆင့်(၁၀)တို့တွင် အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref: RT
Trs: ML

# Charleston Open ကွာတားဖိုင်နယ်သို့ ဒန်နီလီကောလင်း တက်ရောက်

**ချာလီစတန် ဧပြီ ၅**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင် ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ်များဖြစ်သည့် ဒန်နီလီကောလင်းနှင့် စတီဖင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒန်နီလီကောလင်းက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့သတင်းများအရ သိရသည်။

မီယာမီအိုးပင်းတင်းနစ်ချန်ပီယံ ဒန်နီလီကောလင်းသည် Charleston Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး စတီဖင်အား ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။

ဒန်နီလီကောလင်းက "ပြိုင်ပွဲရဲ့ ဒုတိယအဆင့်မှာ အွန်ဂျပ်ဘာလိုကမ္ဘာ့အဆင့် ကစားသမားတစ်ယောက်ကို အနိုင်ရခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်း မြင့်တက်နေပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေတဲ့ ကစားသမားတစ်ယောက်က ပြိုင်ဘက်တိုင်းကို အနိုင်ယူနိုင်တယ်ဆိုတဲ့စိတ်ဝင်နေတယ်။ ဒါကြောင့် တတိယအဆင့်မှာ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာပါ။"ဟု ပြောကြားခဲ့သည်။



ဒန်နီလီကောလင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မာတန့်သည်တတိယအဆင့်တွင် ယူကရိန်းနံပါတ်(၁) တင်းနစ်မယ် စဗစ်တိုလီနာအား (၆-၄၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ရောက်လာသူဖြစ်ကြောင်း သိရသည်။

Ref: Xinhua
Trs: AZL

# AFC Futsal Asian Cup 2024 ပြိုင်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ




ရန်ကုန် ဧပြီ ၅

AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များကစားရန်နှင့် AFC Futsal Asian Cup 2024 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

ပဏာမ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းတွင် အုပ်ချုပ်နည်းပြ ၁၀ ဦး၊ ကစားသမား ၁၇ ဦးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ၌ ဧပြီ ၆ ရက်တွင် ကူဝိတ်အသင်းနှင့် လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် ကာဂျစ်စတန်အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြီးခဲ့သည့် မတ်လအတွင်းကလည်း နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ရန်ကုန်မြို့တွင် အာဖဂန်နစ္စတန်အသင်းနှင့်ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက ပထမပွဲစဉ်တွင် ခြောက်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲစဉ်တွင် လေးဂိုး နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် အုပ်စု(က)၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအဖြစ် ဧပြီ ၁၇ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဧပြီ ၁၉ ရက်တွင် အိမ်ရှင် ထိုင်းအသင်းနှင့် လည်းကောင်း၊ ဧပြီ ၂၁ ရက်တွင် တရုတ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘာတီယာ ဦးဆောင်

တက္ကဆက် ဧပြီ ၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ကျင်းပနေသည့် Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘာတီယာက သတ်မှတ်ရိုက်ချက်ထက်ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့အတူ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်ဒန်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ဂျက်စတင်လိုဝါက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် လေးချက်သာ လျော့ရိုက်နိုင်ခဲ့ပြီးအမှတ်ပေးဇယား၏ T4 နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ချန်ပီယံ လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်။

မက်အီလ်ရွိုင်းက "ကျွန်တော့်အနေနဲ့ ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ အောင်မြင်မှုမရသေးဘူး။ ဒီပြိုင်ပွဲမှာတော့ အောင်မြင်မှုတစ်ခုရဖို့အတွက် အကောင်းဆုံးကြိုးစားနေပါတယ်။ ပထမနေ့မှာ ရလဒ်သိပ်မကောင်းခဲ့ပေမယ့်ရလဒ်ဆိုးရွားတဲ့အထဲမှာတော့ မပါခဲ့ဘူး။ ပထမနေ့ရလဒ်အရ ဒုတိယနေ့မှာကြိုးစားရင် ချန်ပီယံဆုဖလားကို စိန်ခေါ်နိုင်ဆဲဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယနေ့မှာ အကောင်းဆုံးကြိုးစားသွားမယ်။ ဒုတိယနေ့မှာ ကျွန်တော့်ရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်တွေကို မြင်တွေ့ရလိမ့်မယ်လို့ ပရိသတ်တွေကို ကတိပေးပါတယ်။"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: RT

Trs: AZL

# MNL League Cup ၂၀၂၄ ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup ၂၀၂၄ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။




MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ University အားကစားကွင်းတွင် မဟာယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အုပ်စု(B)အုပ်စုပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်က ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် Glory Goal အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ကချင်ယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကစားခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

MNL League Cup 2024 ပြိုင်ပွဲကို ဧပြီ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စု(C)ပွဲစဉ်များအဖြစ် Dragon Port အသင်းနှင့် ရေဝတီယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ STA

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

STA

ဟော့ဖ်ဟိုင်း Vs အော့စ်ဘတ်

ကစားမည့်ရက်/အချိန် ၇-၄-၂၀၂၄ (ည ၁၀း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အော့စ်ဘတ် ၁ - ၀ ဟော့ဖ်ဟိုင်း

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဟော့ဖ်ဟိုင်း | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အော့စ်ဘတ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

သုံးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဟော့ဖ်ဟိုင်းအသင်းဟာ အိမ်ကွင်းမှာတော့ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ ကြိုးစားလာမှာပါ။ အော့စ်ဘတ်အသင်းက အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဗိအားပေးလာမဲ့ ဟော့ဖ်ဟိုင်းအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

အင်တာနက်ခန့်မှန်း - ဟော့ဖ်ဟိုင်း ၂ - ၁ အော့စ်ဘတ်

# MFF- Berocca Summer Football Course နွေရာသီ လူငယ်ဘောလုံးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်ရေးအတွက် မိတ်ဖက်စပွန်ဆာဖြစ်သည့် Berocca ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ နွေရာသီလူငယ်ဘောလုံးသင်တန်း အမှတ်စဉ်(၁)(ရန်ကုန်) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက MFF Training Field (5) တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ ဒေါ်ခင်စောဦး၊ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများ၊ အစီအစဉ်ပံ့ပိုးသည့် Berocca မှ Business manager ဒေါက်တာ ဒေါ်အေးခိုင်ဇာလတ်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ၊ မိဘ၊ ဆရာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်နှင့် Berocca မှ ဒေါက်တာ ဒေါ်အေးခိုင်ဇာလတ်တို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားခဲ့ကြပြီးနောက် တာဝန်ရှိသူများက MFF-Berocca Summer Football Course 2024 နွေရာသီ လူငယ်ဘောလုံးသင်တန်း အမှတ်စဉ်(၁)(ရန်ကုန်)သို့ တက်ရောက်ခဲ့သည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အလားတူ မြန်မာဘောလုံးအကယ်ဒမီမန္တလေးတွင် ဖွင့်လှစ်ခဲ့သည့် MFF-Berocca Summer Football Course 2024 နွေရာသီ လူငယ်ဘောလုံးသင်တန်း အမှတ်စဉ်(၁) (မန္တလေး) သင်တန်းဆင်းပွဲကိုလည်း ယနေ့တွင် တစ်ချိန်တည်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Berocca မှ တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသားများ၊ မိဘများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခြေခံဘောလုံးသင်တန်းသို့ အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း(ကျား/မ)သင်တန်းသားဦးရေ ၂၅၀ တက်ရောက်ခဲ့ပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီထိ အခြေခံဘောလုံးပညာများ သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းအမှတ်စဉ်(၂) ကို ဧပြီ ၂၄ မှစတင်ကာ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

STA

မိုနာကို Vs ရင်းနက်စ်

ကစားမည့်ရက်/အချိန် ၇-၄-၂၀၂၄ (ည ၀၉း၃၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရင်းနက်စ် ၁ - ၂ မိုနာကို

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မိုနာကို | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ရင်းနက်စ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |

မိုနာကိုအသင်းဟာ အခုပွဲစဉ်မှာအနိုင်ရရှိရင် အဆင့်(၂)တက်ရောက်ဖို့ အခွင့်အရေးရှိနေလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ရင်းနက်စ်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ မိုနာကိုအသင်းကိုပဲ အားပေးရမှာပါ။

အင်တာနက်ခန့်မှန်း - မိုနာကို ၃ - ၁ ရင်းနက်စ်

# လူငယ်များ၏အနာဂတ်ကို မြှင့်တင်ရာတွင်

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၃-၂၀၂၄ပညာသင်နှစ် Grade-12 ကျောင်းသား၊ ကျောင်းသူများသည်တက္ကသိုလ်ဝင်စာမေးပွဲများကို ၁၁-၃-၂၀၂၄ ရက်မှ ၁၉-၃-၂၀၂၄ ရက်ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်သည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသတချို့ရှိကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိစာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ ၂၉-၄-၂၀၂၄ ရက်မှ ၆-၅-၂၀၂၄ ရက်ထိ တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၁၂-၄-၂၀၂၄ ရက် နောက်ဆုံးထား၍ သတင်းပေးပို့စာရင်းသွင်းရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**များစွာတည်မှီလျက်ရှိ**

စင်စစ်အားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ် သုံးစွဲနိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။

**ခြိမ်းခြောက်အကျပ်ကိုင်**

လက်ရှိအချိန်တွင်CRPH၊ NUG နှင့် PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများသည် အချို့သောဒေသများတွင် အခြေခံပညာကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ကျောင်းသားမိဘများကို ခြိမ်းခြောက်ခြင်း၊ ပညာသင်ကြားပေးနေသောဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ အချို့သောကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် ဆရာ၊ ဆရာမများသည် အသက်ကိုပင်လျှင် ရန်ရာခြင်းခံနေကြရသည်။ ထို့ပြင်NLD ထောက်ခံသူအချို့သောမိဘများသည် အစိုးရကိုဆန့်ကျင်လျက် သားသမီးများကို ကျောင်းတက်ခွင့်မပြုဘဲထားကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိရင်သွေးငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိသားသမီးများ၏ အနာဂတ်ကိုမျှော်တွေးလျက် ကျောင်းပုံမှန်တက်ရောက်ခွင့်ပြုသွားစေလိုပါသည်။ မျိုးဆက်သစ်ကလေးငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ ထို့ပြင် မိဘအုပ်ထိန်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ တာဝန်သိပြည်သူများအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်ရန် ကြံစည်နေသူများ၏ သတင်းနှင့်လှုပ်ရှားမှုများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ အချိန်မီအသိပေးသွားသင့်ပါသည်။ စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

> ❖ ပညာရေးသည် လူသားအားလုံးအတွက် ပင်မဒေါက်တိုင်ဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများကို ငွေကြေးမြောက်မြားစွာအကုန်အကျခံလျက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ❖

**အဆင့်မြင့်ပညာသင်ယူနိုင်သူနည်းပါး**

စင်စစ်အားဖြင့် ပညာရေးသည် ကလေးငယ်များကို ဆင်းရဲတွင်းမှဆွဲထုတ်နိုင်ပြီး အလားအလာကောင်းသောအနာဂတ်ကို တည်ဆောက်နိုင်စွမ်းရှိစေသော်လည်း ကမ္ဘာတစ်ဝန်း၌ ကလေးငယ်၂၄၄သန်းသည် ပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရရှိကြပေ။ ထို့ပြင် ကလေး ၆၁၇ သန်းကျော်မှာလည်း စာဖတ်နိုင်ခြင်းမရှိသကဲ့သို့ အခြေခံတွက်ချက်နည်းသင်္ချာလည်း မတတ်မြောက်ကြပေ။ အထူးသဖြင့် အာဖရိကဒေသတွင် အမျိုးသမီးငယ် ၄၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာလောက်သာ သင်ယူခွင့်ရရှိကြပြီး ဒုက္ခသည်စခန်းမှ လူငယ်များသည် ပညာသင်ယူခွင့်မရရှိဘဲ ကျောင်းထွက်နေကြရသည်။ ထို့ကြောင့် ပညာသင်ယူခွင့် အခွင့်အလမ်းမှာချိုးဖောက်ခံရလျက်ရှိသည်။ ထို့ကြောင့် သာတူညီမျှနှင့် တစ်သက်တာပညာသင်ယူခွင့်မရရှိဘူးဆိုလျှင် ကျား၊ မ သာတူညီမျှမှုကိုလည်း ဖော်ဆောင်နိုင်စွမ်းမရှိသကဲ့သို့ ကလေးငယ်များကို ဆင်းရဲတွင်းမှဆွဲထုတ်နိုင်မည်မဟုတ်ချေ။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၆၀နှစ်အထက်လူဦးရေထဲတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း(လူလေးသန်းခန့်)သည် ကျောင်းမနေဖူးသဖြင့် စာလုံးဝမတတ်ကြပေ။ ထို့ပြင် အသက် ၂၅ နှစ်ထိ အရွယ်ရောက်ပြီးသူများထဲတွင် အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက်ပညာမသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းခန့်ရှိသည်။ ထို့ကြောင့် နိုင်ငံ့လူဦးရေ သုံးပုံ၊ တစ်ပုံခန့်သည် အလယ်တန်းအဆင့် ပညာသင်ယူခွင့်မရရှိခဲ့ကြပေ။ ထို့ပြင် နိုင်ငံလူဦးရေ ၅၅ သန်းတွင် သုံးသန်းခန့်သာ ဘွဲ့ရရှိခဲ့သဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာသင်ယူနိုင်သည်။ ဆိုလိုသည်မှာ လူ ၁၀ ဦးလျှင် တစ်ဦးခန့်သာ အဆင့်မြင့်ပညာသင်ယူနိုင်သေးသည်။ အဆင့်မြင့်ပညာသင်ယူနိုင်သူအရေအတွက် တိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**အမျိုးသားပညာရေးစီမံကိန်း**

ထို့ကြောင့် တိုင်းပြည်အတွင်း ပညာတတ်များမွေးထုတ်နိုင်ရေး ရည်မှန်းချက်ဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအားလုံး ပညာများအမှန်တကယ်တတ်မြောက်ပြီး ပုံမှန် တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းများပို့ချပေးရန် စီစဉ်လျက်ရှိသည်။ တစ်ဖက်တစ်လမ်းမှလည်း ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံလျက်ရှိသည်။

**လူငယ်များ၏ အနာဂတ်ကို မြှင့်တင်ရာတွင်**

အမှန်တော့ လူတစ်ဦး၏ဘဝ တိုးတက်အောင်မြင်နိုင်မှုသည် ထိုသူ၏ ပညာတတ်မြောက်ထားမှုအပေါ်တွင် များစွာမူတည်နေပါသည်။ ငယ်စဉ်က ပုံမှန်ကျောင်းပညာသင်ကြားခွင့်မရရှိခဲ့သော လူတစ်ဦးသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ခက်ခဲပင်ပန်းကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားကြရသည်။ ထိုသဘောတရားအရ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည်လည်း ထိုနိုင်ငံရှိပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင်သာ မူတည်လျက်ရှိသည်။ စင်စစ်အားဖြင့် ပညာရေးသည် လူသားအားလုံးအတွက် ပင်မဒေါက်တိုင်ဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံလျက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏အနာဂတ် တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသော အချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့ အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသော နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့် နယ်ပယ်အားလုံးတွင်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသတချို့ရှိ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ၂၉-၄-၂၀၂၄ ရက်မှ ၆-၅-၂၀၂၄ ရက်ထိ တက္ကသိုလ်ဝင်စာမေးပွဲ ထပ်မံကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် သား၊ သမီးများ၏ အနာဂတ်ပညာရေး မြင့်မားစေရေးအတွက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းအကြံပြုလိုပါသည်။

**ကိုးကား**


- International Day of Education/ United Nations.
- The 2019 Inter-Censal Survey,The Union Report.


## မင်းလှမြို့နယ် ကရင်တအိမ်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မင်းလှ ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာအုပ်စု ကရင်တအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းများသည် ကရင်တအိမ်ကျေးရွာ လမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေသန့်စင်စက်တည်ဆောက်နေမှု အခြေအနေများကို တိုင်းတာစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကရင်တအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်းအတိုးရငွေကျပ် ၃၆ ဒသမ ၅၄၃၅၂ သန်းမှ ငွေကျပ် ၁၁ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် မတ် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

သန်းသန်းခိုး

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and Daw Kyu Kyu Hla look into the requirements of preparations to hold the funeral rites of Patron Sayadaw of Nanga Hnakaung Monastery in Tachilek successfully




Senior General Min Aung Hlaing inspects preparations to hold the funeral rites of Patron Sayadaw of Nanga Hnakaung Monastery in Tachilek.

**Nay Pyi Taw April 5**

Patron of Nanga Hnakaung Monastery in Tachilek, Shan State (East) State Ovadacariya Sayadaw Abhidhija Maha Rattha Guru Abhidhija Agga Maha Saddhamma Jotika Dr Bhaddanta Dhammasiri passed away at 2 am on 8 (Thursday) February 2024.

The remains of the Sayadaw were placed at the monastery. This afternoon, Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, the Joint SAC Secretary and wife, SAC members and wives, union ministers and wives, the Shan State chief minister, senior military officers from Office of Commander-in-Chief and wives, the Triangle Region Command commander and officials, looked into the requirements of the preparations to hold the funeral rites successfully.



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay respect to the remains of Patron Sayadaw of Nanga Hnakaung Monastery in Tachilek.

First, the Senior General and wife and party arrived at the monastery, inspected the arrangements to convey the Sayadaw's remains to the place where funeral rites will be held and the exhibition of Sayadaw's historical documentary photos and gave instructions to officials.

Later, the Senior General and wife and party paid respects to the Sayadaw's remains. They then paid respects to Sayadaws led by Patron of Thiladhamma Kontha Retreat (Wazi-baik) Sayadaw Bhaddanta Kovida, a member of the panel of patrons of funeral rites, and Mongphone Sayadaw Saddhamma Jotikadhaja Agga Maha Kammhtanacariya Bhaddanta Nyannasanvara, who was there to attend the funeral rites. The Sayadaws presented dhamma gifts to them.

The Senior General and wife presented offertories to the Sayadaws. The Senior General supplicated preparations to successfully hold the funeral rites, and arrangements to collect the late Sayadaw's personal items for exhibition, and sought counsel from the Sayadaws.

The Chief of General Staff (Army, Navy and Air), the Joint SAC Secretary, SAC members, union ministers and senior military officers presented offertories to the Sayadaws.

The Senior General and wife then paid respects to the Sayadaw's remains.

The Senior General and wife and party inspected the funeral arrangements at the place where funeral rites will be held and gave instructions on pleasantness and cleanness of the road on which the remains will be conveyed,

*See Page 13*



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.



Senior General Min Aung Hlaing views documentary photos of Nanga Hnakaung Monastery Patron Sayadaw.

*From Page 12*

convenience of members of the religious order including monks and nuns who will attend the funeral rites in travelling and accommodation, and to hold the funeral on a grandest scale and other matters.

The would-be Sayadaw, the patron of Nagna Hnakaung Monastery, was born of parents, U Haun and Daw Nang Ping, on the 9th waning of Nattaw (Wednesday) 1290ME at Yangkein village, Kengtung, Shan State (East). He was novitiated under the patronage of Kyaingyin Monastery, Kengtung, Sayadaw Bhaddana Dhammasiri on the fullmoon day of Taboung in 1299ME and entered monkhood on 13 waxing of Kason 1310ME. At the age of ten he as a novice learned primary education. He learned Pariyatti in Gon Shan language from Kyaingyin Monastery Sayadaw till he passed Mula Dhammacariya course in 1320ME. The Nagna Hnakaung Monastery Sayadaw established the Naga Hnakaung Pariyatti School in 1357ME and later opened four branches. At the schools he conducted basic, primary, junior level, mid-level and senior level courses in Gon Shan language according to the government's Pali Pahtmabyan curriculum for 50 times for Shan monks and novices. The Sayadaw's religious activities from 1355ME included the publishing of Three Pitaka in Pali and Gon Shan translated books, recording of Three Pitaka in Pali on 2500 stone tablets and that were erected on the platform of Shwedagon Pagoda in Tachilek. He also took part in social welfare activities such as donating land for basic education schools in Tachilek, setting up home for the aged and orphanage, providing land and health aid buildings for district hospital. Due to his lifelong religious and welfare activities, the State conferred Agga Maha Pandita Title on him in 1992, Agga Maha Saddhamma Jotikadhaja Title in 2001, Abhidhaja Agga Maha Saddhamma Jotika Title in 2005, Abhidhaja Maha Rattha Guru Title in 2021. Thailand also conferred titles on the Sayadaw. The Sayadaw continued his religious work till he passed away at age of 96 and vasa 77. The funeral rites will be held on 6 April on a grand scale. 100



Senior General Min Aung Hlaing views preparations for the funeral rites.

# Maize trading high in Mandalay market

**Mandalay April 5**

U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Depot), said that maize (Bamar) is surging in trading at Mandalay market.

Due to high demand at home and abroad, maize (Bamar) is on the upward trend in Mandalay.

"The domestic market of maize is active due to demand from merchants of Mandalay, Yangon and Taunggyi as well as other major cities," he explained.

On 2 April, maize (Bamar) fetched K49,000 per 54 viss. Likewise, demand from the Philippines and India is high to purchase maize (Bamar) in addition to high local demand.

"Number of merchants engaging in trading of maize (Bamar) is on the rise in Mandalay market in addition to other major cities such as Yangon and Taunggyi. 184

# Iran, Türkiye voice willingness to expand energy cooperation

**Tehran April 5**

Iran and Türkiye on Thursday expressed willingness to enhance cooperation in the energy sector, particularly in the gas industry, the Shana News Agency affiliated with the Iranian Oil Ministry reported.

During a meeting in the Iranian capital Tehran, Iranian Oil Minister Javad Owji and Turkish Minister of Energy and Natural Resources Alparslan Bayraktar discussed the expansion of cooperation between Tehran and Ankara in the energy sector and boosting bilateral trade, the report said.

Owji voiced Iran's readiness to expand relations with Türkiye in the oil industry's upstream and downstream sectors.

In 2001, Iran signed a 25-year gas export contract with its northwestern neighbor Türkiye, which is set to expire in 2026.

On the sidelines of the meeting, Owji told reporters that negotiations officially started on Thursday between the National Iranian Gas Company and Turkish state-owned BOTAS Petroleum Pipeline Corporation on technical issues related to the contract's renewal.

He mentioned the interest of Turkish companies in participating in the upstream projects of Iran's oil industry, particularly in the development of gas fields. The Iranian minister said his country welcomed the Turkish companies.

Speaking to reporters, the Turkish minister said his country was willing to extend the contract.

Xinhua

# UN allocates 12 mln USD for victims of gang violence in Haiti

**New York April 5**

UN relief chief Martin Griffiths has released 12 million U.S. dollars to help Haitians affected by gang violence, said the UN Office for the Coordination of Humanitarian Affairs (OCHA) on Thursday.

The funds from the world body's Central Emergency Response Fund will help provide food, water, protection, health care, and sanitation and hygiene support to displaced people and host communities in the Haitian capital of Port-au-Prince and the neighboring department of Artibonite, which has also been affected by the violence, said OCHA.

The office said the situation in Haiti remains tense and volatile, with attacks on health care facilities aggravating the already dire situation. According to the UN Children's Fund, three out of four women and children lack access to public health and nutrition services in the metropolitan area.

However, the emergency relief response continues.

The International Organization for Migration said it distributed more than 70,000 liters of water in six displacement sites across the Port-au-Prince area.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဇန်နဝါရီလကတည်းက ယခုထိ ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၈၀၀၀၀ ကျော် ဆုံးရှုံးခဲ့ဟု ရုရှားပြောကြား



ယူကရိန်းတပ်ဖွဲ့များသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကတည်းက ယခုထိ တပ်ဖွဲ့ဝင်အင်အား ၈၀၀၀၀ ကျော်ဆုံးရှုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က မေ ၂ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားတပ်မတော်သည် ရန်သူ၏တိုက်ခိုက်ရေးစွမ်းအားစုများကို ချေမှုန်းဖျက်ဆီးသွားရန် ဆက်လက်လုပ်ဆောင်နေသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇန်နဝါရီလကတည်းက တင့်ကားနှင့် အခြားသံချပ်ကာတိုက်ခိုက်ရေးယာဉ်များ အစီးရေ ၁၂၀၀ အပါအဝင် စစ်လက်နက်၊ စက်ပစ္စည်းကိရိယာ၊ အစိတ်အပိုင်းများ ၁၄၀၀၀ ကျော်ကိုလည်း ရုရှားတပ်ဖွဲ့များက ချေမှုန်းဖျက်ဆီးနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် ၎င်း၏နယ်မြေသစ် ၄၀၃ စတုရန်းကီလိုမီတာခန့်ကိုလည်း ယူကရိန်းလက်အောက်မှ သိမ်းပိုက်နိုင်ခဲ့ကြောင်း Shoigu က နိုင်ငံ၏စစ်ဘက်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံသည့် အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းသည် စစ်မြေပြင်တွင် အောင်မြင်မှုမရရှိခဲ့သော်လည်း ယူကရိန်းခေါင်းဆောင်များသည် ရုရှားစစ်ဘက်ကို တွန်းလှန်တိုက်ခိုက်နိုင်စွမ်းရှိစေရန်၊ အနောက်အုပ်စု စပွန်ဆာနိုင်ငံများကို ဆွဲဆောင်စည်းရုံးရန် ကြိုးစားနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် ယူကရိန်းသည် အရပ်သားများကို ပစ်မှတ်ထားပြီး ရုရှားနယ်မြေများတွင် အကြမ်းဖက်ဝါဒနှင့်အဝေးမှ အမြောက်၊ ဒုံးကျည်နှင့်ဒရုန်းများ အသုံးပြု၍ တိုက်ခိုက်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

"ယူကရိန်းတွေရဲ့ဘက်မညီ စစ်နည်းဗျူဟာတွေအတိုင်း ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေကို ကျွန်တော်တို့တပ်မတော်က စနစ်တကျနဲ့ လက်တုံ့ပြန်နေပါတယ်" ဟု ရုရှားကာကွယ်ရေးဝန်ကြီး Shoigu က ပြောကြားခဲ့သည်။

မတ်လတစ်လတည်းတွင် ရုရှားတပ်မတော်သည် ယူကရိန်းနိုင်ငံ၏စစ်ဘက်နှင့် စွမ်းအင်အခြေခံအဆောက်အအုံများကို တိကျပဲ့ထိန်းလက်နက်များနှင့် ဒရုန်းများကိုအသုံးပြု၍ ယူကရိန်းတွင် အုပ်စုဖွဲ့တိုက်ခိုက်မှုအကြိမ် ၁၉၀ နှင့်လေကြောင်း၊ ရေကြောင်း အကြီးစားပေါင်းစပ်တိုက်ခိုက်မှုနှစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယူကရိန်းစစ်ဘက်သည် ပဋိပက္ခဖြစ်ပွားခဲ့သည့်အချိန်မှစတင်ကာ တပ်ဖွဲ့ဝင်အင်အား ၄၄၄၀၀၀ ဆုံးရှုံးခဲ့ပြီး ၂၀၂၃ ခုနှစ် နွေရာသီတန်ပြန်ထိုးစစ်တွင်လည်း အင်အား ၁၆၆၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မတ်လအတွင်း၌ သတင်းထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ယူကရိန်းသမ္မတဇီလန်စကီးက ပဋိပက္ခစတင်ကတည်းက၎င်း၏တပ်ဖွဲ့ဝင် ၃၁၀၀၀ သာ ကျဆုံးခဲ့ကြောင်း ဖေဖော်ဝါရီတွင် အခိုင်အမာပြောကြားခဲ့သည်။ ဒဏ်ရာရရှိမှု၊ ပျောက်ဆုံးလျက်ရှိသည့် တပ်ဖွဲ့ဝင်အင်အားကိုမူ အတိအကျ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။

တစ်ချိန်တည်းတွင် ယူကရိန်းစစ်ဘက်မှတပ်မှူးများသည် လူအင်အား သိသိသာသာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ထပ်ခါတလဲလဲ ပြောကြားခဲ့ပြီး ယူကရိန်းသည် ၎င်း၏တိုက်ခိုက်ရေးအင်အားကို ပြန်လည်ဖြည့်တင်းရန် နည်းလမ်းအသစ်များကို ရှာဖွေခဲ့ရသည်။ နည်းလမ်းတချို့မှာ နိုင်ငံရပ်ခြားတွင် ပုန်းအောင်း၍ ရှောင်တိမ်းနေသူများကို နေရပ်ပြန်လည်ပို့ဆောင်ရန် အနောက်အုပ်စုနိုင်ငံများထံ တောင်းဆိုခြင်းနှင့်နိုင်ငံသားများကို စစ်မှုထမ်းရန် သတ်မှတ်ထားသော ကန့်သတ်ချက်များလျှော့ချရန် တောင်းဆိုခြင်းတို့ဖြစ်သည်။

ရုရှားသည် ယူကရိန်းပဋိပက္ခကို အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ရုရှားကိုတိုက်ခိုက်နေသည့် ကြားခံစစ်သို့မဟုတ် ကိုယ်စားစစ်အဖြစ် အကြိမ်ကြိမ်သုံးသပ်ပြောဆိုခဲ့ပြီး အနောက်နိုင်ငံများက ယူကရိန်းကို၎င်းတို့၏ အကျိုးစီးပွားအတွက် အသုံးပြုနေသည်ဟု စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

**Kiev has lost more than 80,000 troops since January – Russian MoD ကို ဘာသာပြန်ဆိုထားပါသည်။**

## Boeing ကုမ္ပဏီက အမေရိကန်ရေတပ်၏ ပထမဆုံး P-8A တန်ပြန်ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေယာဉ်ကို အဆင့်မြှင့်တင်မှုများပြုလုပ်ရန် လက်ခံရရှိခဲ့

အမေရိကန်ရေတပ်သည်၎င်း၏ပထမဆုံး P-8A Poseidon တန်ပြန်ရေငုပ်သင်္ဘော တိုက်ဖျက်ရေးလေယာဉ်ကို Boeing ကုမ္ပဏီသို့ Increment 3 Block 2 စွမ်းဆောင်ရည်များဖြင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပြီးခဲ့သောလအတွင်းက လွှဲပြောင်းပေးပို့ခဲ့ကြောင်း Defense Post သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပထမဆုံးအဆင့်မြှင့်တင် ပြုပြင်မွမ်းမံထားသောလေယာဉ်သည် အဆင့်မြင့်ဆုံးရေငုပ်သင်္ဘောများကိုပင် ရှာဖွေခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်နိုင်ခြင်းများကို လုပ်ဆောင်နိုင်ရန် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုနိုင်မည်ဟု မျှော်မှန်းထားသည်။

အမေရိကန်ရေတပ်အနေဖြင့် ပိုမိုကောင်းမွန်သော တွက်ချက်မှုဆိုင်ရာ စီမံခန့်ခွဲလုပ်ဆောင်နိုင်စွမ်းနှင့် လုံခြုံမှုမြင့်မားသောစွမ်းဆောင်ရည်များဖြင့် လေယာဉ်အတွက် တိုက်ခိုက်ရေးစနစ်သစ်တစ်ရပ်ကို အသုံးပြုလျက်ရှိကြောင်း အမေရိကန်ရေတပ်က ပြောကြားခဲ့သည်။ အခြားအင်္ဂါရပ်များတွင် ကျယ်ပြန့်သော ဖြိုက်တူဆက်သွယ်ရေးစနစ်၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေးဆိုင်ရာထောက်လှမ်းမှုစွမ်းရည်၊ ခြေရာခံစီမံခန့်ခွဲမှုစနစ်နှင့် ရှာဖွေမှု၊ ထောက်လှမ်းမှုနှင့် ပစ်မှတ်ထားနိုင်မှုစွမ်းရည်များကို အဆင့်မြှင့်တင်ရန် အပိုဆောင်းဆက်သွယ်ရေးနှင့် အသံပိုင်းဆိုင်ရာစနစ်များပါဝင်ကြောင်း သိရသည်။

ထို့ပြင် အဆင့်မြှင့်တင်ထားသော လေယာဉ်ကိုယ်ထည်၊ လေကြောင်းနည်းပညာသုံး (Avionics) စနစ်များ၊ ကိုယ်ထည်ထိန်းအသစ်များ၊ Radomes အကာအကွယ်များ၊ အင်တာနာများ၊ အာရုံခံကိရိယာများနှင့် ဝိုင်ယာကြိုးများကိုပါ အဆင့်မြှင့်တင်မှုများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

P-8A လေယာဉ်သည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးနှင့်အတူ ရေပြင်စစ်ဆင်ရေးစွမ်းရည်များပါရှိသော ပင်လယ်ရေကြောင်းထောက်လှမ်းရေးလေယာဉ် အမျိုးအစားလည်းဖြစ်သည်။ Boeing ကုမ္ပဏီသည် အမေရိကန်နှင့်ဩစတြေးလျနိုင်ငံ P-8A လေယာဉ်အုပ်များကို Block 2 စွမ်းဆောင်ရည်များ ပေါင်းစည်းထည့်သွင်းကာ စမ်းသပ်အသုံးပြုနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၂၆ သန်းတန် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ပြီးလည်းဖြစ်သည်။ Block 2 ဗားရှင်းသည် အဆင့်မြှင့်တင်မှုများ အလျှင်အမြန်ပြုလုပ်ရေးအစီအစဉ်မှတစ်ဆင့် အနာဂတ်ခြိမ်းခြောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန် စဉ်ဆက်မပြတ် အဆင့်မြှင့်တင်သွားမည့် အခြေခံဖွဲ့စည်းမှုပုံစံလည်းဖြစ်သည်။ P-8A Increment 3 သည် Poseidon လေယာဉ်ကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ရေးအစီအစဉ်၏ နောက်ထပ်အဆင့်တစ်ခုပင်ဖြစ်သည်။ ဒီဇိုင်းပိုင်းအရ ရေတပ်လေကြောင်းစနစ်ကွပ်ကဲမှု-NAVAIR နှင့် စက်မှုလုပ်ငန်းအဖွဲ့များ၏ ကြိုးပမ်းမှုများဖြင့် Increment 3 Block 2 သည် အနာဂတ် အဆင့်မြင့်ခြိမ်းခြောက်မှုကို ဖြေရှင်းရန် ရေတပ်၏အခြေခံဖွဲ့စည်းမှုပုံစံ (Baseline Configuration the Navy)ကို ကိုယ်စားပြုနေသည်ဟု အမေရိကန်ရေတပ်မှ ဗိုလ်ချုပ် Adam Kijek က ပြောကြားခဲ့သည်။




**Boeing Receives First P-8A Anti-Sub Aircraft for Upgrades ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပိုလ်ကိတ်ပဲ ၂၅၁၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပိုလ်ကိတ်ပဲ ၂၅၁၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၁၀၂၁၅ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပိုလ်ကိတ်ပဲ ၂၅၁၃ ကေထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ပိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၇ ဒသမ ၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်အတွင်းမှာ ပိုလ်ကိတ်ပဲ ၁၀၂၁၅ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပိုလ်ကိတ်ပဲ ၂၅၁၃ ဧကထိ ရိတ်သိမ်းပြီးပါပြီ။ စိုက်ပျိုးထားတဲ့ ပိုလ်ကိတ်ပဲတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံတွေ တစ်ဧကချင်း အထွက်ညီစေဖို့ ခရိုင်နဲ့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောပိုလ်ကိတ်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် အိမ်မဲမြို့နယ်တွင် ဧက ၃၉၀၊ မြောင်းမြမြို့နယ်တွင် ၁၁၅၂ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၉၇၁ ဧကဖြစ်ကြောင်း၊ အဆိုပါပိုလ်ကိတ်ပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းညီစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှုမှန်ကန်စေရန်နည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် မျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ရောင်းချပေးခဲ့

**ရန်ကုန် ဧပြီ ၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းတွင် စားသုံးမှုနည်းပါးနေသည့် ဆန်ကွဲ၊ ပေါင်းဆန်နှင့် တန်းမြင့်ဆန်များကဲ့သို့ ဆန်နှင့်ဆန်ကွဲများကိုသာ လစဉ်တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လကုန်ထိ တစ်နှစ်တာကာလအတွင်းတွင် အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၆ သန်းကျော်သာတင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရောင်းချပေးခဲ့ရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ၂၀၂၄ ခုနှစ် မတ်လတွင် ဒုတိယအများဆုံးနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၁၃၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၆၂၁၀၆ တန်ဖြင့် အများဆုံး၊ ၂၀၂၄ ခုနှစ် မတ်လတွင် အမေရိကန်ဒေါ်လာ ၁၃၃ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၅၇၀၃၇ တန်ဖြင့် ဒုတိယအများဆုံးနှင့်၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၁၁၀ တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂၁၃၆၀၅ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချ ပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



(၃၃၆)

# တောင်ကြီးမြို့နယ် ထီဝေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ပစ်ကျေးရွာအုပ်စု ထီဝေါ်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ထီဝေါ်ကျေးရွာရှိ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ထီဝေါ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၇ ဒသမ ၃၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထီဝေါ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်





**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာနအောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း ရေကြောင်းဆုရအရာရှိလောင်း အောင်ခန့်မင်း၊ စံပြအရာရှိလောင်း အင်ဂျင်နီယာဆုရ အရာရှိလောင်း ကောင်းခန့်လင်း၊ စံပြအရာရှိလောင်း လျှပ်စစ်နည်းပညာဆုရ အရာရှိလောင်း ထက်အာကာထွန်း၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း မြတ်မင်းသန့်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ညီညီဗိုလ်၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ဇေယျာအောင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရအရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ၊ ကျောင်းဆင်း အရာရှိလောင်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၅)၌ ရေကြောင်းအရာရှိလောင်း ၉၀၊ ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၈၀၊ ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်း ကိုးဦး စုစုပေါင်း ၁၇၉ ဦးတို့တက်ရောက်အောင်မြင်ခဲ့သည်။ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၇ ခုနှစ်မှ ယနေ့ထိ ရေကြောင်းအရာရှိ ၈၇၄၁၅ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၁၀၇ ဦးနှင့် အခြားအဆင့်သင်တန်းသား ၁၅၅၅၀၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ထိ ရေကြောင်းဘက်ဆိုင်ရာကျွမ်းကျင်သူ စုစုပေါင်း ၂၇၇၆၉၅ ဦးတို့ကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး(Captain) အဆင့်ဦးရေ ၆၆၀၊ ကုန်းပတ်အရာရှိချုပ် (Chief Officer) အဆင့်ဦးရေ ၆၇၀၊ ဒုတိယတန်းကုန်းပတ်အရာရှိ (Second Officer) အဆင့် ၆၇၇ ဦး၊ တတိယတန်းကုန်းပတ်အရာရှိ (Third Officer)အဆင့် ၈၄၈ ဦးနှင့် အင်ဂျင်နီယာမှူးကြီး(Chief Engineer) အဆင့် ၆၄၆ ဦး၊ ဒုတိယတန်းစက်မှုလက်မှုအရာရှိ (2nd Engineer) အဆင့်ဦးရေ ၆၅၀ နှင့် တတိယတန်းစက်မှု လက်မှုအရာရှိ (3rd Engineer) အဆင့် ၁၅၁၆ ဦးတို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အဆင့်မြင့်တာဝန်များထမ်းဆောင်လျက် ရှိနေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ (၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် မေ ၅**

(၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ (၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘမ်မြို့တွင် မေ ၃ ရက်မှ ၅ ရက်ထိကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အရှေ့တောင်အာရှဒေသအတွင်း ရာသီဥတုဖောက်ပြန်မှုနှင့်စပ်လျဉ်းသည့် ဘဏ္ဍာငွေပံ့ပိုးမှုကို တိုးချဲ့ဆောင်ရွက်ရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်ဘဏ္ဍာရေးအရာရှိများ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်း ရာသီဥတုဖောက်ပြန်မှု၏အကျိုးသက်ရောက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ပေးနိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေပံ့ပိုးကူညီပေးနိုင်မည့် နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုဗဟိုဘဏ်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ တက်ရောက်ခဲ့သည်။

မေ ၄ ရက် နံနက်ပိုင်းတွင် အာဆီယံ-အီးယူ စီးပွားရေးကောင်စီ၊ အာဆီယံ-အမေရိကန် စီးပွားရေးကောင်စီနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အစည်းအဝေးများကို သီးခြားစီကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ဆောင်ရွက်နေသော ပေါင်းစည်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာရေးကို ပံ့ပိုးဆောင်ရွက်ရာတွင် အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးပေါင်းစည်းဆောင်ရွက်မှုနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ (ASEAN Economic Community Blueprint 2025) အကောင်အထည်ဖော်မှုတို့နှင့် စပ်လျဉ်းပြီး ရည်မှန်းထားသည့် ရလဒ်များ ရရှိရေးဆိုင်ရာ အစီအစဉ်များ၊ တိုးချဲ့ဆောင်ရွက်ရေးကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွက် ဘဏ္ဍာရေးကဏ္ဍပေါင်းစည်းမှုအတွက် ဆောင်ရွက်မည့် Strategic Action Plan ဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံဒေသတစ်ခုလုံးနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆွေးနွေးသည်။




ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအို ဘဏ္ဍာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ တက်ရောက်ခဲ့ကြောင်းနှင့် ယင်းနေ့နံနက်ပိုင်းတွင် အာဆီယံအပေါင်းသုံး ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကိုလည်း သီးခြားကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် (၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကိုကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ဘဏ္ဍာရေးကဏ္ဍပေါင်းစည်းမှုအတွက် ဆောင်ရွက်မည့် Strategic Action Plan ဆိုင်ရာကိစ္စရပ်များ၊ အာဆီယံဒုတိယဘဏ္ဍာရေး ဝန်ကြီးများအစည်းအဝေးက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် တင်ပြလာကြသောကိစ္စရပ်များကို ဘဏ္ဍာရေးဝန်ကြီးများက ညှိနှိုင်းဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲအတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၊ အာဆီယံအသိုက်အဝန်းဆိုင်ရာ မျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှု စောင့်ကြည့်လေ့လာအစီရင်ခံစာ၊ ASEAN Treasury Forum ထူထောင်ရေးညှိနှိုင်းဆွေးနွေးမှုများ၏ တိုးတက်မှုအခြေအနေ၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေးမှသက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် တင်ပြလာကြသောကိစ္စရပ်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ဆည်မြို့နယ်အတွင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းပေးစဉ်။

**နေပြည်တော် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်ဆင်ပေးအပ်လက်နက်များကို လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂဏှာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့်ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကိုအရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့်သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများပေါ်ပေါက်ပါကအသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။**

(ဧပြီလ၊ ၂၀၂၄)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း၊

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၃၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၃၈၊ ၀၆၃- ၂၀၂၈၈၃၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၃၉၃၅၊ ၀၅၇- ၂၀၂၃၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေထုတ်ပြန်

ယမန်နေ့မှအဆက်

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည်လူမှုဖူလုံရေးအဖွဲ့အားလုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)

### ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲ ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

### အခန်း(၃)

### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏တာဝန်လွှဲအပ်ချက်အရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦး ရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) နှင့် (၁၄) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည်တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

စာမျက်နှာ ၂၂ သို့

# ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ အလှူငွေများပေးအပ်လှူဒါန်း



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၅**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများ၊ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းခြင်းနှင့် တစ်နေ့တာအာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)ရှိ သုခါဝါသအောင်စစ်သည်ဓမ္မာရုံ၌ ပြုလုပ်ရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်) စောင့်ရှောက်ရေးဇဟိုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာနေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများကပေးအပ် လှူဒါန်းသည့် ငွေကျပ်နှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇) ကျောင်းဆင်းအရာရှိမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း၊ အလှူရှင် ဦးသီဟမိသားစုကပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း၊ တော်ဝင်သန့်ကုမ္ပဏီလီမိတက်ကပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်ကိုလည်းကောင်း၊ အလှူရှင် ဒေါ်သက်ထားရွှေစင် မိသားစုကပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်ကိုလည်းကောင်း၊ သရဝဏ်ဖြိုးကုမ္ပဏီလီမိတက်က ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်ကိုလည်းကောင်း၊ Diamond Wall Co.,Ltd က ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းနှစ်ဆယ်ကိုလည်းကောင်းအလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိသားစုများက ဘိုးဘွားများအတွက် တစ်နေ့တာ အာဟာရ ကျွေးမွေးလှူဒါန်းနေမှုကို တိုင်းမှူးနှင့် အလှူရှင်များက လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၁၆ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့သို့ စာရင်းသွင်း ၄၈၇ ပါး/ဦးအနက် ၂၅၅ပါး/ဦးဖြေဆိုကြသဖြင့် ၅၂ ဒသမ ၃၆ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့သို့ စာရင်းသွင်း ၆၀၀၉၆ပါး/ဦးအနက် ၄၈၅၆၄ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

စာမျက်နှာ ၂၁ မှအဆက်

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# PDF အမည်ခံအကြမ်းဖက်သမားများက အေးချမ်းစွာခရီးသွားလာနေသော ခရီးသည်တင်မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့

PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ







PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်ခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ် ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၅**

CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဧပြီ ၄ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း အေးချမ်းစွာခရီးသွားလာနေသော ခရီးသည်တင်ယာဉ်ကို အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ခရီးသည် တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ ရေးမြို့သို့ ပြေးဆွဲနေသော ယာဉ်မောင်း ဦးဇေယျာလင်း မောင်းနှင်သည့် အောင်ကျော်မိုးခရီးသည်တင်ယာဉ်သည် သထုံမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ ထွက်ခွာလာစဉ် ဧပြီ ၄ ရက် ည ၉ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါင်းရွာကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းပိုင်း မိုင်တိုင်အမှတ် ၁၃၁/၁နှင့် ၁၃၁/၂ ကြားနေရာသို့အရောက်၌ CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်ကို မိုင်းခွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီကယ်ဆယ်ရေး အသင်းအဖွဲ့များက သထုံမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကျေနိုင်သည်ထိ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများကလည်း ၎င်းတို့၏ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်သမားများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက မဟာအောင်မြေမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံး၊ ကိုးဦး ဒဏ်ရာရရှိခဲ့

**နေပြည်တော် ဧပြီ ၅**

CRPH၊ NUG တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကွဲဆည်ကန်(၁)လမ်းနှင့် ရန်ကုန်-မန္တလေး လမ်းမကြီးလမ်းထောင့်ရှိ မဟာအောင်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးသို့ လက်လုပ်ဗုံးဖြင့် ပစ်ခတ်သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ နှစ်ဦး သေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဆိုင်ကယ်တစ်စီးဖြင့် ကွဲဆည်ကန်(၁) လမ်းအတိုင်း အနောက်မှ အရှေ့ဘက်သို့ မောင်းနှင်ပြီး မဟာအောင်မြေမြို့နယ် ကွဲဆည်ကန်(၁)လမ်းနှင့် ရန်ကုန်-မန္တလေး လမ်းမကြီးလမ်းထောင့်ရှိ မဟာအောင်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးအတွင်းသို့ လက်လုပ်မိုင်းဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ရုံးအတွင်းရှိ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကာ ဝန်ထမ်းလေးဦးနှင့် ဒေသခံပြည်သူ ငါးဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါ ဗုံးစထိမှန် ဒဏ်ရာရရှိသူများကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကောင်းများနှင့် အပြစ်မဲ့ ပြည်သူများကို ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းကာကွယ်သွားကြရန် သတင်းထုတ်ပြန်အပ်ပါသည်။



PDF အမည်ခံအကြမ်းဖက်သမားများက မဟာအောင်မြေမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုကိုတွေ့ရစဉ်။

# မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာကို လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် ရွာတစ်ဝက်ခန့် ပျက်စီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ





**နေပြည်တော် ဧပြီ ၅**

တရားမဝင် ပြည်ဖျက်မီဒီယာများက ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာကို ဧပြီ ၃ရက်နှင့် ၄ရက်တို့တွင် တပ်မတော်က လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများကြောင့် ရွာတစ်ဝက်ခန့်ပျက်စီးသွားကြောင်း သတင်းတု၊သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်စွပ်စွဲရေးသားထားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် တရားဥပဒေစိုးမိုးမှု မရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခြင်း၊၎င်းတို့ကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေပြီး လူမှုကွန်ရက်စာမျက်နှာများတွင် တပ်မတော်အပေါ် အပြစ်ပုံချကာ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို မိဘပြည်သူများအနေဖြင့် သိရှိပြီးဖြစ်သည်။

ယခုဖြစ်စဉ်တွင်လည်း ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယင်းလက်နက်ကြီးကျည်များသည် အဆိုပါ ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် မြေပြင်သတင်းပေးပို့မှုများအရသိရှိရပြီး လူမှုကွန်ရက်တွင် ဖြန့်ဝေနေသည့် သတင်းများမှာ သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း သတင်းရရှိသည်။



# ဘူဖေး

စိုးမိုး

(၁)

စိတ်ပျက်ပျက်နှင့် သူ့ကိုသေချာကြည့်မိပြီ။

"မင်းကလဲကွာ။ ဘူဖေး စားမယ်ပဲ။ ငါကတော့ ဘူဖေး မစားချင်ဘူးကွာ"

"ဟာ ဘူဖေးကမှ တန်တာကွ။ မင်း စဉ်းစားကြည့် ဟော့ကောင်။ တစ်ယောက်ကို ပိုက်ဆံ ၁၀၅၀၀ကွာ။ ငါး၊ ပုစွန်၊ အသား ရှယ်ကြိတ်။ အချိုပွဲက ပါသေးတယ်။ လာပါကွာ တက်ပါ။ ငါ ဗိုက်ဆာနေပြီ။ သွားရအောင်"

"ဟား ပြောမရတဲ့ကောင်ပဲ"

ထိုသို့ အငြင်းပွားရသည်မှာ ခဏ ခဏ။ ပြောမရတော့လည်း သူ့ဆိုင်ကယ်ပေါ်သို့သာ ကျွန်တော် တက်ပြီးလိုက်စီးရပါပြီ။ ဆိုင်ကယ်မောင်းနေရင်းက သူ့ထုံးစံအတိုင်း စကားများကို ရေပက်မဝင်အောင်ပြောပြောနိုင်လွန်း၏။ ကျွန်တော်နှင့်သူက ကုမ္ပဏီတွင် အလုပ်ဝင်မှ ခင်မင်ကြသော်လည်း ငယ်ပေါင်းကြီးဖော်သဖွယ်ရင်းနှီးကြသည်။ သူက ရွှေဘိုမြို့ဇာတိ။ ကျွန်တော်က စစ်ကိုင်းမြို့သား။ မန္တလေးတွင် အလုပ်အမျိုးမျိုးလုပ်နေရင်း သည်ကုမ္ပဏီကျမှ အဆင်ပြေနေသည်။ ကုမ္ပဏီက ပေးနေသည့် အဆောင်တွင် တစ်ခန်းတည်းအတူနေကြ၏။ နှစ်ယောက်စလုံးက အစားတစ်လိုင်း။ ကျွန်တော်က ဆိုင်သန့်သန့်လေးများမှ အစားကောင်းများကို မက်မောသလို သူက ဘယ်နေရာက ဘူဖေးဆိုင်က ပိုတန်သည်ကို စိတ်ဝင်စားတတ်ပြီး အဝတ်အထည်ဆိုလျှင်လည်း ဘယ်ဆိုင်မှ ဒစ်စကောင့်ချရောင်းသည်ကိုသာ စုံစမ်းနေတတ်သူဖြစ်၏။ တစ်လတွင် တစ်ရက်သာ နားခွင့်ရသည့်နေ့ဆိုလျှင် သူနှင့် ကျွန်တော် မန္တလေးမြို့ တစ်ပတ်လည်ကာ လှည့်လည်စားသောက်ကြရင်း အချိန်ဖြုန်းတတ်သည်။

(၂)

"ဟော့ကောင် မျက်ခွက်ကြီးကလဲ သုန်မှုန်နေတာပဲ။ လာစမ်းပါ"

ဆိုင်ကယ်ရပ်လိုက်ပြီး ဘူဖေးဆိုင်အတွင်းသို့ ခပ်သွက်သွက်ဝင်သွားသည့် သူ့နောက်သို့ ကျွန်တော့်ခြေလှမ်းက စိတ်မပါစွာနှေးတုံ့တုံ့။

သူ့အလိုကျ အသား၊ ငါး၊ အသီးအရွက်များကို လောဘတကြီးယူနေသည်မှာ တန်အောင်စားမည့်ဟန်ပန်အပြည့်။ ကျွန်တော်ကတော့ စားပွဲတွင် အသာအယာထိုင်ရင်း ဆိုင်အတွင်းရှိ လာရောက်စားသောက်နေကြသည့် လူများကိုကြည့်နေမိ၏။ မိသားစုလိုက်လာကြသကဲ့သို့ သူငယ်ချင်းအဖွဲ့လေးများ၊ စုံတွဲလေးများ။ ကိုယ့်စိတ်ကြိုက် အသား၊ ငါး၊ အသီးအရွက်များကို ရွေးယူနေကြသည့် သူတို့ မျက်နှာများတွင် တဖျပ်ဖျပ်ဟပ်နေသည့်အရိပ်ကို ကျွန်တော်မြင်နေရသည်။

"ဟော့ကောင်။ စားလေကွာ။ ပူပူလေး စားစမ်းပါ။ အဝတီးနော်"

ဂက်မီးဖိုပေါ်မှပွက်ပွက်ဆူနေသည့် ဟော့ပေါ့အိုးအတွင်းမှ အသားနှင့်အရွက်များကို ပန်းကန်လုံးအတွင်းသို့ ဆယ်ထည့်ပြီး အားရပါးရစားနေသည်မှာ အရသာမခံသည့်ပုံ။ မျက်နှာချင်းဆိုင်စားပွဲတွင် ထိုင်စားနေသော မိသားစုကိုကြည့်ပြီး ကျွန်တော် ရယ်ချင်နေသည်။ မိခင်က သူ့သားကို အသားများများ စားခိုင်းသည်ကို သားလေးက ခေါင်းခါကာ အရွက်များသာ ဆယ်စားနေ၏။ ဖခင်က သားလေးကို ငေါ့ ငေဖာ မာန်မဲနေသည်က အတော်ရုပ်ပျက်လှ၏။ အစားစားခြင်းဆိုသည်ကား ခန္ဓာအတွက် အာဟာရဓာတ်ရရှိရေး။ သင့်တင့်မျှတသော အာဟာရအတွက် ကြေညက်စွာဝါးစားမှသာ ကျန်းမာရေးအတွက်အထောက်အကူပြုပေမည်။ အစာအိမ်မှ ပြည့်ဝပြီးလျှင် ဦးနှောက်ကို သုံးမိနစ်နေမှ အသိပေးကြောင်းကို မှတ်သားဖူး၏။ အစာအိမ်တွင်အစာပြည့်ဝပြီးသည်ကို ဦးနှောက်က သုံးမိနစ်နောက်ကျပြီးမှ သိရချိန်တွင် ထိုသုံးမိနစ်အတွင်း တန်အောင်စားချင်သည့် လောဘစိတ်ကြောင့် အဘယ်မျှပိုမိုစားမိလေမည်မသိ။

ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ခုံး၊ ခုံးစိမ်း၊ ခရု၊ သွေးခုံး၊ ပန်းပြည်ကြီး၊ ငါး၊ ကြက်သား၊ ဝက်သား၊ ဝက်သုံးထပ်သား၊ ဝက်နံရိုး၊ ဝက်အူ၊ ကြက်မြစ်၊ ကြက်ကြောလုံး၊ ဟော့ဒေါ့၊ ပင်လယ်စာမျိုးစုံကိုစုံနေအောင် ထည့်ထားသည့် ဟော့ပေါ့အိုးကို ကုန်အောင် စားနိုင်ပါမည်လားဟု ကျွန်တော် စိုးထင့်မိ၏။

အသားများကို အကင်မှုန့်နှင့် အရသာနှပ်ထားသောကြောင့် အနံ့အရသာပြီးပြည့်စုံသည်။ အပ်မှို၊ ဆလတ်ရွက်၊ ထိုင်ဝမ်မုန့်ညင်း၊ မုန့်ညင်းခါး၊ ကန်စွန်းရွက်၊ ခါကြက်ဥ၊ ပြောင်းဖူး၊ ဂေါ်ရခါးညွန့်၊ ဂေါ်ဖီ၊ မုန့်ညင်းဖြူ၊ မာလာခေါက်ဆွဲအစုံ၊ အသားတုံ၊ ပဲပြားတို့ကလည်း လတ်လတ်ဆတ်ဆတ်။ ရာသီဥတုအေးအေးမှာ ဟော့ပေါ့ဘူဖေး စားရခြင်းကအတော်စိတ်ကျေနပ်စေသည်။ ကျွန်တော်က အသား၊ ငါး၊ အသီးအရွက်ကို မျှတစွာ ပန်းကန်လုံးထဲသို့ ဆယ်ထည့်ပြီး အရသာခံကာ ဖြည်းဖြည်းစား၏။

"ဟော့ကောင် အသားထပ်ယူမလား။ ငါသွားယူလိုက်မယ်"

"ဟာ တော် တော်ပါကွာ။ အိုးထဲကဟာတွေသာ ကုန်အောင်စားစမ်းပါ။ ငါ သိပ်မစားနိုင်ဘူးကွ"

ကျွန်တော့်စကားကို သူ ဘဝင်မကျ။

"မင်းကလဲ တန်အောင်စားစမ်းပါကွ။ ဒါစားပြီးရင် ဟိုမှာ"

မာလာရှမ်းကော၊ မာလာကဏန်းချဉ်စပ်ထမင်းကြော်၊ ကြာဆံကြော် ကြိုက်တာယူစား"

"ဟာ တော်ပါပြီ။ ဗိုက်ပေါက်ထွက်ပါ့မယ်ကွာ"

"အဲဒါဆိုလဲ ဟိုမှာ အချိုပွဲစားကွာ။ ကျောက်ကျော၊ရေခဲမုန့်၊ အသီးတွေနဲ့ အအေးမျိုးစုံ။ မင်းကြိုက်တာယူစား"

"အေး အေးပါကွာ"

သူကျေနပ်အောင် ပြန်ပြောလိုက်သော်လည်း ကျွန်တော်က ဗိုက်တင်းအောင်စားနိုင်သူ မဟုတ်။

"ငါ ဝိတ်သွားလျှော့လိုက်အုံးမယ် ဟီး ဟီး"

ကျွန်တော့်ကို ရယ်ကျဲကျဲပြောပြီး ဆိုင်အနောက်ဘက်သို့ ထသွားသော သူ့ကို ကြည့်ပြီး တရားကျချင်လာသလိုလို။ ဘူဖေးဆိုသည်နှင့်ပင် မဆံ့မပြဲ စားရမည်။ များများစားမှ တန်မည်ဟူသော အစာလောဘစိတ်ကြီးနှင့် စားခြင်းက ခန္ဓာကိုယ်အတွက် အဆင်မပြေနိုင်။

(၃)

"ဒီး အစာကြေဆေးလေးစားလိုက်မှ ဗိုက်အင့်တာသက်သာလာတယ်"

အဆောင်ပြန်ရောက်ကတည်းက သူ့ဗိုက်အင့်သည်ဆိုကာ အခန်းကျဉ်းထဲ၌ လမ်းလျှောက်နေသည်မှာ မျက်စိနောက်စရာ။

"အေး သက်သာရင် အိပ်မယ်ကွာ။ မနက်စောစောထရမယ်လေ။ မင်းနဲ့ ငါ ကျောက်ဆည်ဘက်ကို ကွင်းဆင်းစစ်ဆေးရေးသွားရမယ်လို့ ဂျာကြီးက ပြောထားတယ်လေကွာ"

"အေးပါ။ မင်း အိပ်နှင့်လိုက်။ ငါ အင်တာနက်ပက်ကေ့သက်တမ်းက ဒီည နောက်ဆုံးဟ။ နမြောစရာကြီး ဗီဒီယိုတွေကြည့်ပစ်အုံးမယ် အဟီး"

သူကတော့ ထိုသို့ပင်။

"အဲဒါဆိုရင် နားကြပ်တပ်ပြီးမှ ကြည့်ကွာ။ ငါ အိပ်ပြီ"

"အိုကေ အိုကေ"

ကျွန်တော် ခုတင်နှင့် သူ့ခုတင်က ကပ်လျက်။

"အဟိ ဟီး ဟီး ဖျန်း"

ဖုန်းထဲက ဗီဒီယိုကြည့်ရင်း သူ့ပေါင်ကို ရိုက်ကာ သဘောကျစွာရယ်လိုက်သံက သိပ်မကျယ်လောင်သော်လည်း ကျွန်တော် အိပ်၍မရ။

"ဟာ ဟော့ကောင်။ မင်း တစ်ယောက်ထဲ မဟုတ်ဘူးလေ။ ဟာသကားတွေကြည့်ပြီး အသံထွက်အောင်ရယ်မနေနဲ့"

"ဆောတီး အိပ် အိပ် သူငယ်ချင်း။ ငါ မရယ်တော့ဘူး အဟဲ"

သူက တစ်ခါတစ်ရံထိုသို့စိတ်ပျက်စရာ အပြုအမူလည်းလုပ်တတ်သူ။ စိတ်ရင်းကောင်းပြီး အလုပ်ထဲမှ လူများကိုလည်း ကူညီတတ်သူ။ ကျွန်တော်က လူရွေးပြီးပေါင်းသင်းတတ်သည်။ သူကတော့ တွေ့သည့်လူကို ငယ်ပေါင်းကြီးဖော်သဖွယ် ခင်မင်စွာပေါင်းသင်းတတ်၏။ အမြဲပြုံးချိုနေတတ်သည့် သူ့မျက်နှာက ကျွန်တော့်မျက်နှာနှင့် ဆန့်ကျင်ဘက်။

(၄)

"မင်းသူ ဟေ့ မင်းသူ"

"ဟာ ဘာလဲကွာ။ ပျာယာခတ်နေတာပဲ"

အပြင်မှပြန်လာကာ ကျွန်တော့်ကို အခန်းပေါက်ဝမှ အလောတကြီးအော်ခေါ်သံက စိတ်ဝင်စားစွာ စာဖတ်နေခြင်းကို အနှောင့်အယှက်ပေးလိုက်သလိုပင်။

"လာ မြောက်ပြင်ဘက်ကဆိုင်ကြီးမှာ တစ်ဆိုင်လုံး ဒစ်စကောင့်တဲ့။ မင်းလိုချင်တာလဲ တွေ့နိုင်တယ်။ သွားဝယ်ရအောင်"

"တော်ပါပြီ။ မင်းလဲ အရင်လက ဒစ်စကောင့်ချတာတွေ လျှောက်ဝယ်ထားတာ မနည်းဘူး။ ကိုယ့်အတွက်အသုံးမလိုတာတွေလဲ ဈေးတန်တယ်ဆိုပြီး ဝယ်လိုဝယ်။ ဝယ်ပြီးမှ Error ပါလို့ မကြိုက်ချင်ဖြစ်လိုဖြစ်။ ဝယ်ပြီးသားတွေမသုံးချင်တော့ ဟိုလူ့ကိုပေး ဒီလူ့ကိုပေးနဲ့။ မင်းရတဲ့ ဘောနပ်က အဲဒီလိုတွေလျှောက်ဝယ်ဖြုန်းနေလို့ကုန်တာ သိလား"

"ဟာ ဈေးတန်ရင် ဝယ်ချင်တာ ဝါသနာကွ။ ကိုယ်မသုံးချင်ရင် သူများပေးလိုက်တော့ ကုသိုလ်ရတာပေါ့ကွာ။ ဟဲ ဟဲ"

"အေးပါ။ မင်းကို ငါ မနိုင်ပါဘူး။ လုပ်ချင်တာသာ လုပ်တော့။ ငါ မလိုက်ချင်ဘူး။ စာလေ့လာနေတယ်။ မင်းလဲ စာလေ့လာပါပြောနေတာကို။ အချိန်လေး ခဏအားရင် အပြင်ထွက်မယ်ပဲ"

"မင်းပဲ လုပ်ပါ။ ငါက အလုပ်ကို ပေါ့ပေါ့ပါးပါး ပဲလုပ်ချင်တာ။ မင်းလုပ်ချင်တဲ့နေရာမျိုးမှာ ငါ မလုပ်ချင်ဘူး"

"ဒါဆို မင်းက ဒီထက် ပိုမြင့်တဲ့နေရာကိုရောက်အောင် မကြိုးစားတော့ဘူးလား။ ဒီနေရာလေးမှာ ပေါ့ပေါ့နေပြီး ကျေနပ်နေမှာလား"

ကုမ္ပဏီတွင် စီမံအုပ်ချုပ်ရေးရာထူးနေရာအတွက် စာမေးပွဲကျင်းပခေါ်ယူမည်ဖြစ်၏။ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်စာအုပ်စာတမ်းများကို ကျွန်တော်လေ့လာဖတ်ရှုသည်။ သူ့ကိုလည်း ကျွန်တော်နှင့်အတူ စာမေးပွဲ ဝင်ဖြေစေချင်သည်။ သူက တာဝန်ကြီးသည့်နေရာတွင် မလုပ်ချင်ပေ။

"မင်းကလဲကွာ အဘိုးအိုပေါက်စကျနေတာပဲ။ နေရာတိုင်းကို ပုံသေနည်းနဲ့တွက်မနေနဲ့။ ဘဝဆိုတာ တိုတိုလေးကွ။ ကိုယ့်စိတ်ကို စည်းတွေဘောင်တွေနဲ့ပိတ်လှောင်ထားပြီး မြင့်သည်ထက်မြင့်ရမယ်ဆိုတဲ့ ခံယူချက်ကြီးက ပင်ပန်းတယ်။ ငါကတော့ ပျော်ပျော်နေမယ်။ ကိုယ့်စိတ်ကျေနပ်စေတာရွေးပြီးလုပ်မယ်။ ဘဝကို တန်အောင်နေမယ် ဟဲဟဲ။ မင်း မလိုက်ချင်နေခဲ့လေ။ မင်းအတွက် စားစရာဝယ်ခဲ့မယ်"

ဆိုင်ကယ်သော့ကို ယမ်းခါပြကာ ပေါ့ပေါ့ပါးပါးနှင့် အခန်းထဲမှ ထွက်သွားသော သူ့ကို ကျွန်တော်ငေးကြည့်နေမိသည်။ အားလပ်ရက်တိုင်း အပြင်သို့ အတူတူသွားနေကျဖြစ်၍ သူတစ်ယောက်တည်းသွားချင်မှ မဟုတ်တာကို နားလည်သည်။ ကျွန်တော်သည်လည်း စာအုပ်ပေါ် အာရုံစိုက်ကာ ဖတ်နေရသော်လည်း ဒစ်စကောင့်ပစ္စည်းများကို မက်မက်မောမော ရွေးချယ်နေမည့် သူ့ပုံစံကို မြင်ယောင်မိကာ ပြုံးလိုက်

စာမျက်နှာ ၂၅သို့ ➤

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၉၈၄၆ ဧက နုတ်သိမ်းပြီးစီး



**ယင်းမာပင် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၉၈၄၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၈၄၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၅၉၂ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကြက်သွန်နီ ၉၈၄၆ ဧကစိုက်ပျိုးထားပါတယ်။ လက်ရှိ ဧကအားလုံးနုတ်သိမ်းပြီးပါပြီ။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးစိုက်ပျိုးနိုင်ခဲ့တယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ဆောင်းမှာပဲစိုက်တာများကြတယ်။ ကြက်သွန်နီစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာတာကို တွေ့ရပါတယ်။ ကြက်သွန်နီ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၇၉ ဧက၊ ကနီမြို့နယ်တွင် ၅၁၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၄၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၂၀၀ စုစုပေါင်း ၉၈၄၆ ဧကဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများကို ယခုနှစ်တွင် ကြက်သွန်နီ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် မြင်းမူမြို့နယ်တွင် ကြက်သွန်နီ အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

မိသည်။ သူနှင့် ကျွန်တော် တူညီသောအချက်က မိန်းကလေးများကို သိပ်ပြီးစိတ်မဝင်စားတတ်ခြင်းပင်။

"ဖွန်ကြောင်ရင် အခွန်ဆောင်ရတယ်တဲ့ကွ။ ငါကတော့ အခွန်မဆောင်ချင်ဘူး။ ငါ့ကို အခွန်လာဆောင်ရင်တော့ လက်ခံမိမလားဆိုတာ ပြောမရဘူးကွာ။ ဟား ဟား ဟား"

ထိုသို့ သူပြောဖူးသည့်စကားက ရယ်စရာသာ။ စိတ်ကို စာအုပ်ထဲသို့သာ နှစ်ထားလိုက်တော့သည်။

ကျွန်တော့် ကြိုးစားမှုကြောင့် စီမံအုပ်ချုပ်ရေးရာထူးတိုးစာမေးပွဲ အောင်မြင်သည်။

"တော်တယ်ကွာ။ ငါ့သူငယ်ချင်းနဲ့ ခွဲရမှာကို စိတ်မကောင်းပေမဲ့ မင်းလိုချင်တဲ့နေရာရတာကို တကယ်ဝမ်းသာတယ်"

ကျွန်တော့်အတွက် ကျွန်တော့်ထက် သူက ပိုဝမ်းသာနေ၏။

"အေးပါကွာ။ မင်း အစားအသောက်၊ အနေအထိုင်ဆင်ခြင်။ လူတိုင်းကိုလဲ ကိုယ့်စိတ်နဲ့နှိုင်းပြီး အယုံမလွယ်နဲ့ကွာ"

မန္တလေး-ရန်ကုန် အစုန်ရထားတွဲဆိုင်းထိုးလာသည်။ ခရီးဆောင်အိတ်နှစ်လုံးကို ကျွန်တော် မသယ်ရ။ ရထားပေါ်ထိ အိတ်နှစ်လုံးကို သူသာ သယ်ပို့ပေး၏။ ကျွန်တော့် ခုံနေရာထိုင်ပြီး သူ့ကို ကြည့်လိုက်တော့ မတွေ့ရတော့။ ရထားထွက်ရန် အချိန်အနည်းငယ်သာလိုတော့ကြောင်း ကြေညာသံကြားပြီးမှ ကျွန်တော့် ထိုင်ခုံပြတင်းပေါက်နားသို့ အမောတကော သူပြန်ရောက်လာ၏။

"ဟူး... မောလိုက်တာကွာ။ ရထားမမီတော့ဘူးမှတ်လို့ ဆိုင်ကယ်အမြန်ပြန်မောင်းလာရတာ။ မင်း ရထားပေါ်မှာစားရအောင်လို့ ဟမ်ဘာဂါ ပြေးဝယ်တာ။ အဲဒီဆိုင်က နှစ်ခုဝယ်ရင် တစ်ခုလက်ဆောင်ပေးတာ။ ရော့ မင်း နှစ်ခုယူသွား။ ငါ တစ်ခုစားလိုက်မယ် ဟဲ ဟဲ"

ဘာဝယ်ဝယ် အပိုရသည်ကို ကျေနပ်တတ်သည်က သူ့ အကျင့်။ ရထားထွက်သည်ထိ လက်ပြရင်းကျန်နေခဲ့သည့် သူ့မျက်နှာက ခပ်ညှိုးညှိုး။

ရန်ကုန်ကုမ္ပဏီရုံးချုပ်တွင် တာဝန်ထမ်းဆောင်နေရင်း ကျွန်တော်ကတော့ ရှေ့ဆက်ရမည့်အလုပ်အတွက် တစ်ဆင့်ပြီးတစ်ဆင့်တက်နိုင်ရေးသာ အာရုံများလျက်။ ဘဝတိုးတက်ရေးလုပ်ငန်းကျွမ်းကျင်ပေါက်မြောက်ရေး မှတ်သားလေ့လာကြိုးစားနေရင်း သူနှင့် တဖြည်းဖြည်းအဆက်အသွယ်အေးလာခဲ့သည်။ တစ်ခါတစ်ရံ ဖုန်းဆက်ဖြစ်လျှင် သူပြောချင်သည်များကို မရပ်မနား အားရပါးရပြောတတ်သည်။ သူပြောသည်များက ကျွန်တော့်အတွက် စိတ်ဝင်စားစရာသိပ်မပါ။

(၃)

ရထားခုတ်မောင်းသံက မန္တလေးဘူတာကြီးအဝင်တွင် ပို၍ညင်သာနေသလိုပင်။ တော်ရုံနှင့် ရင်မခုန်တတ်သော ကျွန်တော် ယခုတော့ လတ်လတ်ဆတ်ဆတ်ရင်ခုန်နေ၏။ ဘူတာကြီးတွင် ရထားရပ်တန့်လိုက်သည်နှင့် ခရီးသည်များ၊ လာကြိုကြသူများ ပျားပန်းခပ်သွားသည်မှာ လူပင်လယ်ကြီးထဲ ရောင်စုံပန်းများ လေဝှေ့သွားသလို။ သုံးနှစ်တာ ဝေးကွာနေခဲ့သော မန္တလာမြေမှ လေနုအေးက မပြောင်းလဲသည့်ရနံ့များနှင့်။ ရထားပေါ်တွင် ဆင်းရမည့်ခရီးသည် ကျွန်တော် တစ်ဦးတည်းသာ ကျန်တော့သည်။

"အစ်ကို ဘာကူညီရမလဲ ခင်ဗျ"

"ဪ... ရတယ် ညီလေး ရတယ်။ လာကြိုမဲ့ သူငယ်ချင်းကို စောင့်နေတာ"

တွဲစောင့်လူငယ်ကို ပြန်ပြောအပြီးမှာပဲ သူရောက်လာသည်။

"ဆောတီး သူငယ်ချင်းရာ။ နည်းနည်းနောက်ကျသွားတယ်"

ကျွန်တော့် လက်ဆွဲအိတ်ကိုသယ်ရင်း ဘူတာကြီးအပြင်သို့ ခပ်သုတ်သုတ်လျှောက်သွားသည့် သူ့နောက်သို့ အမြန်လိုက်ရသည်။

"လာ မင်းသူ။ ကားပေါ်တက်"

ကားကို ဂရုတစိုက်မောင်းနေသည့် သူ့မျက်နှာက ယခင်ကကဲ့သို့ ပြုံးချိုချိုမဟုတ်တော့။ လေးနက်ခြင်းတစ်စုံတစ်ရာက ငြိတွယ်နေသယောင်။

"ဒါ မင်း ကားလား။ မင်း ကုမ္ပဏီက အလုပ်ထွက်သွားတဲ့ တစ်နှစ်ကျော်အတွင်း ကြီးပွားနေပါလားကွ။ အေးလေ ငါကလဲ မင်း ဖုန်းဆက်ရင် အချိန်ပေးပြီးစကားမပြောအားခဲ့တော့ တစ်ယောက်ကိစ္စ တစ်ယောက် အလုံးစုံ မသိကြတော့ဘူးပေါ့"

"အင်း"

"ငါလဲကွာ။ တစ်ဆင့်ပြီးတစ်ဆင့်တက်ချင်တဲ့စိတ်နဲ့ ကြိုးစားရတာ မအားပါဘူး။ စိတ်တွေသိပ်ပြီး ပင်ပန်းလာတဲ့အခါမျိုးမှာ မင်းကို သတိရတယ်။ ဘဝကို ပေါ့ပေါ့ပါးပါး နေချင်လာသလိုပဲကွ"

"အဟင်း ဟင်း အေးပေါ့ကွာ"

"ငါ သုံးရက်ပဲအချိန်ရတာ။ မနက်ဖြန်တစ်ရက် ဂျူတီအော့ကွာ။ မင်းနဲ့ မြို့ပတ်မယ်။ မင်းကြိုက်တဲ့ ဘူဖေးသွားစားမယ်"

"ဟာ မစားဘူး။ ငါ ဘူဖေး မစားတော့ဘူး။ မင်းကြိုက်တဲ့ဆိုင် သာရွေးထားကွာ။ အခု ငါ့သား ကျောင်းဆင်းချိန်ကွ။ သူ့ အရင်ကြိုလိုက်အုံးမယ်။ ပြီးမှ မင်း တည်းမဲ့ဟိုတယ်ကို လိုက်ပို့မယ်နော်"

"ဟမ် အေး အေးပါကွာ"

သူ့သားကို ကျောင်းကြိုရမည်ဆိုတော့...။

သူ ဘူဖေး မစားတော့ဘူးဆိုတော့...။

အံ့ဩနေသည့် ကျွန်တော့်အတွေးများက တသီတတန်း...။

## ကိုယ်ချင်းစာတရား လက်ကိုင်ထား

- မေတ္တာကို ရင်ဝယ်ကိန်းကာပ  
စောင့်ထိန်းကြ မုဒိတာ၊  
လဲနေသူ ထူကာပေးပါလို့  
ဖေးမကြပါ၊  
ကိုယ်နဲ့နှိုင်း၍ ကိုယ်ချင်းစာ  
သနားငဲ့ညှာ ဆက်ဆံထား၊  
စေတနာ ရင်မှာပြုကာဖြင့်  
ကောင်းမှုတွေပွား။

- သုံးသပ်ပါ အမှန်အမှားကိုလ  
စဉ်းစား၍ လိုက်နာစေ၊  
သူ့နေရာ ကိုယ်တိုင်တွေးမှ  
နွေးထွေးကြပေ၊  
နိုင်ထက်စီးနင်း ရှောင်ခွာလေ  
ပို့သဝေ ဆုခြွေတောင်း၊  
သုံးဆယ်တစ်ဘုံ ဝေနေယျအတွက်  
အေးမြစေကြောင်း။

- အပြစ်ရှာ မာန်စွယ်အပေါင်းကိုလ  
ထုတ်မောင်းစို့ စိတ်ဝယ်တွင်၊  
သင့်လျော်အောင် နေထိုင်တတ်ပါမှ  
မြင့်မြတ်သူပင်၊  
ဘဝခရီးလမ်း လှပအစဉ်  
ပေါင်းစုထွင် လက်တွဲလို့၊  
ကိုယ်ချင်းစာ လက်ကိုင်ထားကာဖြင့်  
ကြိုးစားကြစို့။

**မင်းသူရိန်(သာကီနွယ်)**

# ရေကြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေကြည် မေ ၅**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခိုတောင်ကျေးရွာ၊ ဆီဆုံကုန်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည့် ပန်းခြံစိုက်ပျိုးရေးလုပ်ငန်းများ၊ နွား၊ ဝက်၊ ဆိတ် မွေးမြူရေးလုပ်ငန်းများ၊ ငွေစာရင်းပုံစံများ ဖြည့်သွင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေကြည်မြို့နယ် ခိုတောင်ကျေးရွာ၊ ဆီဆုံကုန်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နှစ်ရွာတစ်ယူနစ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သံသာ**

# သိန်းဖေမြင့်၏ အားလုံးကောင်းပါသည်ခင်ဗျား ဝတ္ထုတိုအပေါ် ခံစားကြည့်ခြင်း

ဆရာသိန်းဖေမြင့် ပုဒ်မ ၅ ဖြင့် ထောင်ကျစဉ်အခါက ထောင်ထဲတွင်တွေ့ခဲ့ရသည့် မောင်သစ်အမည်ရှိ ထောင်သားလေးတစ်ဦးနှင့်ပတ်သက်ပြီး ခံစားရသည့် အတွေ့အကြုံများကို ရေးသားထားသော ဝတ္ထုဖြစ်သည်။ အချိန်က ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး တစ်နှစ်အကြာ ရောင်စုံသူပုန်များ ထကြွသောင်းကျန်းကြသည့်ခေတ်ကိုလည်း နောက်ခံထားသည်။ ပြည်တွင်းငြိမ်းချမ်းမှုမရှိသောအခါ ပြည်သူလူထု ဒုက္ခဆင်းရဲရောက်ရပုံများကိုလည်း ဖော်ပြထားပါသည်။

ယခု မောင်သစ်၏ထောင်သားဘဝအကြောင်း ဖော်ပြပါမည်။ မောင်သစ်သည် ရန်ကုန်ထောင်ထဲရောက်သည်မှာ တစ်နှစ်နှင့်သုံးလကျော်ခဲ့ပြီ။ ခေါင်းတုံးဘဝမှ ဦးထုပ်ဆောင်းအမှတ်ဘဝသို့ပင် အတန်းတက်ခဲ့ပြီ။ ယခုဆိုလျှင် အခြားထောင်ကျသူများကဲ့သို့ အလုပ်ကြမ်းကြမ်းမလုပ်ရသောနေရာသို့ ရောက်နေ၏။ တက်ဘုန်းကြီးသိန်းဖေနှင့် အချို့သောအေကလပ် ပုဒ်မ ၅ အချုပ်သမားများအတွက် ဝတ်ကြီးဝတ်ငယ် ပြုစုကြရသော ထောင်အကျဉ်းသမား လေးငါးယောက်၏ ခေါင်းဆောင်ဖြစ်နေ၏။

သို့ကလို တိုးမြင့်နေသောအခြေအနေနှင့်လျော်ညီစွာ ပိတ်နံငယ်အပြင် တစ်ခါတစ်ရံ ဘောင်းဘီဖြူကလေးကိုပင် ဝတ်နိုင်ပေပြီ။ ဓားပြတိုက်ရာတွင် ကြံရာပါအဖြစ် ထောင်ကျခဲ့သည့် မောင်သစ်အခြေအနေကို ဆရာ သိန်းဖေမြင့်က ပုံဖော်ပြထားသည်။ ထောင်ကျနှစ်ကြီးသမားများထဲမှ ငါးလကျန်များ လွှတ်ပေးရန်အမိန့်လာကြောင်း ထောင်မှူးကြီးက ထောင်မှူးလေးတစ်ယောက်ကို ပြောပြ၏။ ဤသည်ကို တိုက်ပန်းကန်ပြားတစ်ချပ်ကွဲမှုကြောင့် ထောင်ပြာတာ မောင်မြက မောင်သစ်ကို ထောင်မှူးကြီးထံ သွားရောက်တိုင်ကြားကာ အမှုကြောင်းဖွင့်ရန် အသွားကြားမိ၏။ ထောင်မှူးကြီးမှာ အလုပ်ရှုပ်နေသဖြင့် အမှုမစစ်ဘဲ နောက်မှလာခဲ့ဟုဆိုကာ ထသွား၏။

မောင်သစ် ဝမ်းသာ၏။ သူထောင်ဒဏ် သုံးနှစ်အပြည့် ဒဏ်ပေးခံခဲ့ရ၏။ မကြာခင်က တိုက်ထောင်မှူးထံတွင် ဘုတ်တိုက်ကြည့်ရာ လျှော့ရက် ၁၂ ရက်၊ ထောင်ပိုင်ကြီး လျှော့ရက်၊ မင်းကြီး၏ လျှော့ရက်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်လျှော့ရက် ခုနစ်ရက်နုတ်လိုက်သော် နောက် ထပ်မံနေရန် ငါးလသာ ကျန်တော့သည်ဟု သိခဲ့ရ၏။ လွတ်တော့မည်။ သူလွတ်တော့မည်။ မကောင်းကြံသည့် ပြာတာ မောင်မြကို သူမျက်စောင်းမထိုးအားတော့။ သူဆရာတက်ဘုန်းကြီးထံသွား၏။ သူ လွတ်တော့မည့်အကြောင်း ဝမ်းသာအားရပြော၏။ ပြီးတော့-

"ဆရာတို့ပုဒ်မ ၅ တွေက ကျွန်တော်တို့လောက်တောင် မနိုင်ပါဘူး။ ကျွန်တော်တို့ကတော့ ဘယ်နေ့လွတ်မယ်ဆိုတာသိတယ်။ ဆရာကြီးတို့ကတော့ မသိရပါဘူး"

မောင်သစ်ပြောသည်ကို ဆရာတက်ဘုန်းကြီး ပြုံးကာ နားထောင်နေမိသည်။

"မောင်သစ်ရေ. . . ဓားပြဆိုတာ သူများရိုးသားစွာ ရှာဖွေထားတဲ့ ချွေးနဲ့စာကို အချောင်ခေါင်းပုံဖြတ်တဲ့သူဖြစ်လို့ အလုပ်မလုပ်ဘဲ ခေါင်းပုံဖြတ်စားတဲ့ မြေပိုင်ရှင်လိုပဲ လူထုရန်သူဖြစ်တယ်ကွဲ့။ မြေပိုင်ရှင်စနစ်ကို လူထုက ဝိုင်းပြီးတိုက်ဖျက်သလို ဓားပြကိုလဲ ဝိုင်းပြီးနှိမ်ရမယ်ကွဲ့။ ဓားပြအလုပ်ကို နောင် ဘယ်တော့မှ မလုပ်နဲ့တော့ မောင်သစ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်ရွာပြန်ပြီး လယ်လုပ်စားပါတော့မယ်"

မောင်သစ်က ပြုံးပြုံးရွှင်ရွှင်ပြန်ပြောသည်။ တက်ဘုန်းကြီးက လယ်သမားများကို အစိုးရကလည်း မြေများဝေမည့်အကြောင်း၊ ကွန်မြူနစ်များကလည်း မြေများဝေမည့်အကြောင်း ကောင်းကောင်းမွန်မွန် လယ်ပြန်လုပ်ရန် တိုက်တွန်းသည်။

မောင်သစ် သူ့မိန်းမ မကောင်းဆင့်၏မျက်နှာကို မြင်မိသည်။ သူ့မိန်းမ ရွာပြန်ရောက်နေပြီဖြစ်ကြောင်း သတင်းများကြားထားသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော မကောင်းဆင့်ထံ အမြန်ရောက်ချင်မိပြီ။ အတွေးကောင်းနေဆဲ နာရီသံချောင်းခေါက်သံနှင့် "အားလုံး ကောင်းပါသည်ခင်ဗျား"ဟူသော အသံများ ဆူညံသွားသည်။ မောင်သစ်က ကျွဲမြီးတိုပြီး- "နှင့်အမေ. . . . . အားလုံးကောင်းပါသည်ခင်ဗျား၊ နှင့်အမေလင်က ထွက်ပြေးမှာမို့လို့ အားလုံးကောင်းပါသည်ခင်ဗျားတဲ့လား၊ ထောင်နံရံလေးထပ်ကို ဘယ်သူ့အမေလင်က ထွက်ပြေးနိုင်မှာမို့လို့ ခဏခဏ အားလုံးကောင်းပါတယ် လုပ်နေကြတာလဲ"

မောင်သစ် တက်ကြွနေသည်။ သူ့ဆရာကြီးနှင့် အပေါင်းပါများအတွက် ကော်ဖီဖျော်ပေးပြီး ဈေးတိုက်သို့သွားသည်။ ဈေးထုတ်ခဲ့ပြီး ထမင်းချက်မောင်သိန်းကို အမြန်ပေးသည်။ ရန်ကုန်ဗဟိုထောင်ကြီး၏ "မိန်းဂျေး"သို့ အမြန်သွားသည်။ ငါးလကျန် စာရင်းထွက်မထွက် စုံစမ်းသည်။ စာရင်းကား မထွက်သေး။

ထောင်ထဲတွင် အကျင့်စာရိတ္တပြုပြင်ရေး သမဂ္ဂရှိသည်။ ထောင်ထဲတွင် လွတ်လပ်ရေးအောင်ပွဲကျင်းပသည်။ ချောတိုင်တက်ပွဲ၊ မြန်မာ့လက်ဝှေ့ထိုးပွဲများကျင်းပကာ ပျော်ခဲ့ကြသည်။ မည်မျှပျော်ပျော်ညနေ ငါးနာရီထိုးလျှင် အိပ်တန်းတက်ရန် သံချောင်းခေါက်တော့သည်။ ထောင်ထဲတွင် လွတ်လပ်ရေးလည်း လွတ်လပ်ရေးအလျောက်၊ သီတင်းကျွတ်လည်းသီတင်းကျွတ်အလျောက် ပွဲများဆင်နွှဲသည်။ ထောင်ဇာတ်များကကြသည်။ ပျော်စရာ။

မောင်သစ် ထောင်ထဲကဘဝများကို ပြန်တွေးနေမိသည်။ ပြီးတော့ ထောင်ထဲမှထွက်ရတော့မည်ဖြစ်၍ လုံချည်များထုတ်လှန်း၏။ လွယ်အိတ်အပြဲကို ဖာထေး၏။ ရထားသော ဆေးပြင်းလိပ်ဖြင့် ပုတီးနှစ်ကုံးဝယ်၏။ တစ်ကုံးက အဖေ့အတွက်၊ အခြားတစ်ကုံးက အစ်ကိုကြီးအတွက် ပုတီးနှင့်မျက်နှာလုပ်ပြီး အစ်ကိုကြီးထံမှ နွားတစ်ရှဉ်းငှားရမည်။ ထောင်မှ ရထားသော ဖိနပ်နှစ်ရန်အနက် လေယာဉ်ပျံဖိနပ်ကို အစီးကျင့်သည်။ သူငယ်ချင်းများကို နှုတ်ဆက်၏။

ဆရာသိန်းဖေမြင့်သည် ထောင်မှလွတ်တော့မည့် မောင်သစ်၏ စိတ်ကစားနေပုံ၊ စိတ်လှုပ်ရှားနေပုံများကို စေ့စေ့စပ်စပ်ဖွဲ့ပြသည်။ ထောင်ကျနေသည့် ထောင်သားတို့၏ ဘဝအထွေထွေကိုလည်း သိရ၏။

> ❖ မောင်သစ် ထောင်ထဲကဘဝများကို ပြန်တွေးနေမိသည်။ ပြီးတော့ ထောင်ထဲမှထွက်ရတော့မည်ဖြစ်၍ လုံချည်များထုတ်လှန်း၏။ လွယ်အိတ်အပြဲကို ဖာထေး၏။ ရထားသော ဆေးပြင်းလိပ်ဖြင့် ပုတီးနှစ်ကုံးဝယ်၏။ တစ်ကုံးက အဖေ့အတွက်၊ အခြားတစ်ကုံးက အစ်ကိုကြီးအတွက် ပုတီးနှင့်မျက်နှာလုပ်ပြီး အစ်ကိုကြီးထံမှ နွားတစ်ရှဉ်းငှားရမည်။ ထောင်မှရထားသော ဖိနပ်နှစ်ရန်အနက် လေယာဉ်ပျံဖိနပ်ကို အစီးကျင့်သည်။ သူငယ်ချင်းများကို နှုတ်ဆက်၏။ ဆရာသိန်းဖေမြင့်သည် ထောင်မှလွတ်တော့မည့် မောင်သစ်၏ စိတ်ကစားနေပုံ၊ စိတ်လှုပ်ရှားနေပုံများကို စေ့စေ့စပ်စပ်ဖွဲ့ပြသည်။ ထောင်ကျနေသည့် ထောင်သားတို့၏ ဘဝအထွေထွေကိုလည်း သိရ၏။ ❖

ထောင်ထွက်တို့ ထောင်အဝတ်များ အပ်ကြရပုံ၊ လူ များလွန်းသဖြင့် တိုးဝှေ့အပ်၍မဖြစ်၊ ထောင်ထဲတွင် နံပါတ်တုတ်ကြောက်ရပုံ၊ ထောင်အဝတ်များ အပ်ပြီး ထောင်ပိုင်လေးက ထောင်ထွက်လက်မှတ်များ ထုတ်ပေးပုံ၊ ထောင်မှမထွက်ခွာမီ ရောမလူကြီးများ ရောက်လာမည်ဆို၍ စောင့်ကြရပုံ၊ ဟောသမျှ ပြောသမျှ နားထောင်ကြရပုံ၊ နောက်ဆုံး ထောင်အပြင်ထွက်ရန် အမိန့်ရပုံ၊ အတွင်းတံခါးကို ဖွင့်မပေး၊ မလွယ်ပေါက်မှ ငုံ့၍ထွက်ကြရပုံ၊ ခြေကို ဖုန်းခနဲ ဖုန်းခနဲဆောင့်၍ နင်းပြီး ဖိနပ်မှဖုန်များ ခါထုတ်ပုံ၊ ထောင်၏အငွေ့အသက် အသေးအမွှားများပါမကျန် ခါထုတ်ကြခြင်းဖြစ်သည်။

ချေးကျုံးရန် အလုပ်ချထားခြင်းခံရလျှင် ချေးကျုံးရသော ထောင်ကြီး၊ ကြိမ်ဒဏ်ရိုက်ရန် အလုပ်ချထားခြင်းခံရလျှင် ကြိမ်ဒဏ်ခံရမည့်သူအပေါ် မည်မျှပင် သနားချစ်ခင်သော်လည်း တအားလွှဲ၍ ရိုက်ရသော ထောင်ကြီး၊ ကြိုးဖြတ်အလုပ်ချထားခြင်းခံရလျှင် ကြိုးဒဏ်ခံရသူကို မည်မျှပင် သနားချင်ဦး အားတက်သရော သေသေသပ်သပ် ကြိုးဖြတ်ရသောထောင်ကြီး၊ သွားချင်ရာမသွားရ၊ လုပ်ချင်တာမလုပ်ရသောထောင်ကြီး၊ သားမယားမိတ်ဆွေ၊ ဆွေမျိုးများနှင့် ဝေးကွာသောထောင်ကြီး။ ထိုထောင်ကြီး၊ ဤထောင်ကြီးမှ လွတ်ပြီကျွတ်ပြီ။

အပြင်လောကသို့ရောက်သောအခါ ဆရာတက်ဘုန်းကြီးအိမ်တွင် မတည်းခိုရဲ၊ ပုဒ်မ ၅ ကို ကြောက်သည်။ ထို့ကြောင့် ရွှေတိဂုံဘုရားရင်ပြင် တန်ဆောင်းတစ်ခုတွင် လွယ်အိတ်ခေါင်းအုံးလျက် နှစ်ည တည်းခိုခဲ့သည်။ ထို့နောက် ဖျာပုံသို့သွားမည့်သင်္ဘောဖြင့် ဖျာပုံသို့လိုက်ခဲ့သည်။ ရွာအရောက်ပြန်ရမည်။ ကွန်မြူနစ်နှင့် အစိုးရတပ်များ တိုက်ပွဲပြင်းထန်နေသည်။ ကျုံကံ၊ ကျုံကော်ချောင်းရိုးမှ မသွားနိုင်။ ကျုံတာ၊ ကျုံကမင်းရွာများသို့ ခြေကျင်လျှောက်ရသည်။ ထိုမှ လှေကြုံရှာ၍ ခရီးဆက်ရသည်။ မရဲရွာရောက်တော့ ရွာအရောက် ခြေကျင်လျှောက်ရပြန်သည်။ ဖြတ်သန်းလာသော ရွာများ မီးလောင်ကျွမ်းထားသည်ကို တွေ့ရသည်။ မေးကြည့်တော့ ကွန်မြူနစ်များ ရှို့သလို၊ အစိုးရတပ်များရှို့သလို မတင်မကျဖြေကြသည်။

သူ ရွာရောက်တော့မည်။ ဦးသာဂရကျောင်းမှ ပြာသာဒ်ကို မမြင်မိ၊ ဘုရားဒါယကာဦးချိတ် တင်ထားသည့်ရွာဦးမှ ဘုရားထီးကိုလည်း မမြင်ရ၊ သစ်ပင်အများအပြားမှာ အကိုင်းမဲ့အရွက်ဝါများနှင့် ဖြစ်နေကြသည်။ သူ့အိမ် ရှာမတွေ့၊ အိမ်တိုင်း မီးသွေးနှင့်ပြာအတိဖြစ်နေကြပြီ။

ဘယ်မလဲ ငါ့မယား ကောင်းဆင့်၊ ဘယ်မလဲ မြေဝေမဲ့ကောင်တွေ၊ ဘယ်မြေမှာ လယ်လုပ်ရမှာလဲ၊ ဒီတံစဉ်တွေက ဘယ်မှာ ဘာလုပ်ရမှာလဲ မောင်သစ် အံကိုကြိတ်သည်။ ထောင်ထဲက အော်သလို "အားလုံးကောင်းပါသည်ခင်ဗျား"ဟု အော်လိုက်ချင်သည်။

ဆရာသိန်းဖေမြင့်သည် ဤဝတ္ထုကို ၁၉၄၉ ခုနှစ်က ရေးခဲ့သည်။ ထိုအချိန်က မြန်မာတစ်နိုင်ငံလုံး ပြည်တွင်းစစ်မီးကြီး တောက်လောင်နေသည်။ ကျေးလက်တောရွာနေ ပြည်သူများ ဒုက္ခမီးများဝိုင်းဝိုင်းလည်နေသော ကာလဖြစ်သည်။ ရွာများ မီးရှို့ခံရသည်။ လူများအသတ်ခံရသည်။ အစိုးရတပ်နှင့် သူပုန်များ အားပြိုင်တိုက်ခိုက်နေကြသည့်ကာလ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး တစ်နှစ်အကြာ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းစစ်မီး ယနေ့တိုင်မငြိမ်းသေး။ NCA လက်မှတ်ရေးထိုးကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့တို့ ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပြီးသည်မှာ ရှစ်နှစ်မြောက် ငြိမ်းချမ်းရေးပွဲကြီးပင် ဆင်နွှဲခဲ့ပြီးပြီ။

သို့သော် ကျန်သောလက်နက်ကိုင်အဖွဲ့များက ငြိမ်းချမ်းရေးကို မယူလို၊ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်၊ ကျေးရွာများ မီးရှို့၊ လမ်းတံတားများ ဖျက်၊ လူများသတ်။

ဆရာသိန်းဖေမြင့်၏ဝတ္ထုကို ပြန်ကောက်ကြရအောင်၊ စစ်မီးကြောင့် ရွာများ မီးလောင်၊ ကျေးရွာသားများ သားသမီး၊ ဇနီးမယားတို့နှင့် ရှင်ကွဲ၊ သေကွဲကွဲရကာ ရိုးသားစွာအလုပ်လုပ်ရန် ပြန်လာသော မောင်သစ်တို့လိုလူများ လုပ်ကိုင်စားသောက်ရန် လယ်ယာကွဲနွားများ မရှိတော့ပါ။

သို့ဆိုလျှင် သူတို့တွေ ခိုးဆိုးတိုက်ခိုက်သူ ဓားပြများအဖြစ်နှင့် ရန်ကုန်ထောင်ကြီးအတွင်း ပြန်ရောက်လာရုံမှတစ်ပါး အခြားမရှိတော့ပါ။ မြန်မာနိုင်ငံကြီး အမြန်ငြိမ်းချမ်းသာယာပါစေ၊ လက်နက်ကိုင်သောင်းကျန်းသူအားလုံးလည်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ကာ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ပြုံးပျော်ရွှင်လန်းစွာ ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်ကြပါစေဟုသာ ဆုတောင်းနေမိပါတော့သည်။

**ကိုးကား**

– **သိန်းဖေမြင့် ဝတ္ထုတိုပေါင်းချုပ်မှ**

**ပုသိမ်အောင်သန်းဦး**

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်မတ်လအတွင်းက ခရီးသွားဧည့်သည်ဦးရေ ၃၈၉၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ငပုတော ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မြတ်မော်တင်စွန်းစေတီအနီးရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်မတ်လအတွင်းက ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ခရီးသွားဧည့်သည် ၃၆၅၅၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး မတ် ၁ ရက်မှ မတ် ၃၁ ရက်ထိ ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာ တည်ရှိတယ်။ ပြီးခဲ့တဲ့မတ်လက ဘုရားပွဲကာလဖြစ်တာကြောင့် ဘုရားဖူးလာရင်း လာရောက်လည်ပတ်တဲ့သူတွေများခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်းက ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် အယောက် ၄၀၀၀၀ နီးပါး လာရောက်လည်ပတ်ခဲ့ပါတယ်။ ကမ်းခြေကိုလာတဲ့ ဧည့်သည်တွေကတော့ ဒေသတွင်းခရီးသွားတွေအပြင် ရန်ကုန်နဲ့ နေပြည်တော်ကလာတဲ့ ခရီးသွားတွေလဲရှိခဲ့ပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို ပြီးခဲ့သည့်မတ်လအတွင်းက လာရောက်လည်ပတ်အပန်းဖြေသည့်ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ အဆင်ပြေစေရန်၊ သန့်ရှင်းမှုရရှိစေရန်၊ စနစ်တကျ အနားယူနိုင်ရန်အတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဝမ်နောင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်နောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်တွင် စပါးဧက ၂၅၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၆၁ ဧက စိုက်ပျိုးပြီးပါပြီ။ စပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေဖျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရန်၊ သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လင်းခေး ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ အရှည်ပေ ၇၅၀၊ အကျယ်ကိုးပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၈ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၈၈ သန်း အသုံးပြု၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ နောင်တောင်ကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက် ပိုမိုလွယ်ကူချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ပုဗ္ဗသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျည်တောင်ကန်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၄သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာယာဝှမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၉၀ ကို ငွေကျပ် ၂၀ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ကဗျာအလှ၊ စာအလှ (၇)

**မန်းတင့်မော်**

ကဗျာအလှ၊ စာအလှဟုဆိုရာတွင် ကဗျာတစ်ခုတည်းမဟုတ်။ စကားပြေဖြင့်ရေးသားသော စာမှန်သမျှကိုလည်း ဆိုလိုပါသည်။ ကဗျာတစ်မျိုးတည်း၌ပင် အလွန်ကျယ်ဝန်းလှသည်။ မြန်မာကဗျာကိုပင် လေ့လာ၍မဆုံး၊ ဖတ်ရှု၍မကုန်၊ ခံစား၍မခန်းဟုဆိုနိုင်သည်။ ခေတ်အဆက်ဆက်ကဗျာရေစီးကြောင်းကလည်း စီးဆင်းနေဆဲ။ ရေစီးကြောင်းဆိုသည့်အတိုင်း ကျဉ်းသည့်နေရာကျဉ်း၍ ကျယ်သည့်နေရာတွင်ကျယ်ဝန်းလှသည်။ ထို့အတူ စီးဆင်းမှုနှေးကွေးလေးလံသောနေရာများနှင့် စီးဆင်းမှုမြန်ဆန်သွက်လက်သော အနေအထားမျိုးလည်းရှိသည်။ သို့သော် ကဗျာဟူသမျှ သူ့အလှနှင့်သူ တင့်တယ်ပါသည်။ သူ့အဆင်းနှင့်သူ ဝင့်ထည်ပါသည်။ သူ့ရနံ့နှင့်သူ သင်းပျံ့သည်လည်းဖြစ်ပါ၏။ ကဗျာပန်းရုံတောကြီးမှ ကဗျာပန်းအားလုံးကို ချိုးယူပန်ဆင်ရန်မှာ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်ရာသီဆိုရုံမျှနှင့် မလုံလောက်နိုင်ပါ။ အချိန်ကာလကန့်သတ်လျှင်လည်း အဆင်မပြေနိုင်ပါ။ ထို့ကြောင့်ပင် ကဗျာအလှကို နိုင်သမျှဝန်ထမ်းလျက် ကဗျာချစ်သူများအတွက် ဆင့်ကမ်းမျှဝေလိုရင်းဖြစ်ပါသည်။

လူ့သမိုင်းစတင်သည်မှပင် ယခုတိုင်အောင် လူ့သဘာဝ၊ လူ့သဘော၊ လူ့စရိုက်များကို လူကပင်ရှုမြင်သုံးသပ်ဆုံးဖြတ်ခဲ့ကြပါသည်။ ရုပ်ပိုင်းဆိုင်ရာလေ့လာမှုထက် စိတ်ပိုင်းဆိုင်ရာလေ့လာမှုက ပို၍ခက်ခဲသည်ဟူ၍လည်း ဆိုကြပါသည်။ လူသားအားလုံးတွင် ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုမှာ တူညီကြသော်လည်း စိတ်ပိုင်းဆိုင်ရာလေ့လာရာတွင် တစ်ဦးနှင့်တစ်ဦးကွဲပြားမှုများ ရှိကြသည်ဟုဆိုပါသည်။ တစ်ဦးတစ်ယောက်ထဲမှာပင်လည်း အချိန်၊ အရွယ်နှင့်ပတ်ဝန်းကျင်အပေါ် မူတည်၍ စိတ်ခံစားမှုနှင့်တုံ့ပြန်မှု အထွေထွေရှိတတ်သေးသည်။ လူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုများကို စာ၊ ကဗျာများဖြင့် ဖော်ပြခဲ့ကြသည်မှာလည်း ကြာမြင့်ခဲ့ပြီ။ ထို့အတူ လူတို့၏သဘာဝ၊ စိတ်ထား၊ ပတ်ဝန်းကျင်စသည်တို့ကိုလည်း ကျောက်ခေတ်နံရံပန်းချီမှသည် မော်ဒန်ပန်းချီထိ ခြယ်မှုန်းခဲ့ကြပြီးလည်းဖြစ်သည်။ အပြောကျယ်လှသော ကဗျာတော၊ စာတောနှင့် နက်ရှိုင်းလှသော ကဗျာပင်လယ်၊ စာပင်လယ်တို့ကို ဖြတ်သန်းကူးခပ်ရာမှ ကဗျာပန်းအလှ စာပန်းအလှများနှင့် ကဗျာပုလဲ စာပုလဲများကို ပန်ဆင်ရန် ဝေငှချင်ပါသည်။

မြတ်ဗုဒ္ဓ၏တရားတော်များကို နှံ့စပ်သိမြင်တော်မူကြသော သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများက ကျမ်းများအရ စာပေများရေးသားပြုစု၍ လူပုဂ္ဂိုလ်များနားလည်ရန် လုံ့လစိုက်ကြိုးပမ်းတော်မူခဲ့ကြပါသည်။ သာသနာပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြပါသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် ရဟန်းစာဆို၊ လူစာဆိုများစွာ ထွက်ပေါ်လေ့လည်းရှိပါသည်။ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီး၏ "မဃဒေဝလင်္ကာ"ဟုဆိုလိုက်လျှင် စာသမားတိုင်းနှင့် ဗုဒ္ဓဘာသာဝင်များ ရင်းနှီးပြီးဖြစ်သည်။ အဆိုပါလင်္ကာမှ စာများကို ဇာတ်သဘင်ပညာရှင်များက ရယူသုံးစွဲခဲ့ကြသည်။ လူကြီးသူမများ၏ ဆိုဆုံးမမှုများတွင် ပါဝင်လျက်ရှိသဖြင့် အရပ်သုံးစကားအဖြစ် တွင်ကျယ်လျက်ပင်ရှိနေပါပြီ။ စာသင်ကျောင်းများတွင် မဃဒေဝပါလင်္ကာတစ်ပုဒ်ဖြစ်သော "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ကို ဆောင်ပုဒ်သဖွယ် စာသင်ခန်းများတွင် လမ်းညွှန်စာအဖြစ် ကပ်ထားကြပါသည်။

လောကတွင် ပညာရှာမှီးလိုသူတိုင်း ပညာပြည့်ဝရန် ကြိုးစားရသည်။ ကံ၊ ဉာဏ်၊ ဝီရိယပေါ်မူတည်၍လည်းကောင်း၊ ပေးအပ်နိုင်သောအခြေအနေများပေါ်မူတည်၍လည်းကောင်း ပညာတတ်များဖြစ်လာလေ့လည်းရှိသည်။ သို့သော် ဘွဲ့၊ ဒီဂရီရရုံဖြင့် ပညာတတ်ဟူ၍ မသတ်မှတ်နိုင်သေးပေ။ ရရှိထားသော ဘွဲ့၊ ဒီဂရီနှင့် ထိုက်တန်သောအသိဉာဏ်ပညာရှိပါမှ သို့မဟုတ် ပညာကို လူ့ဘောင်ကောင်းကျိုးသယ်ပိုးရာတွင် အသုံးချပါမှ ပညာတတ်ဟုခေါ်ထိုက်ပါလိမ့်မည်။ ပညာတတ်၊ ပညာရှိ၊ ပညာပြည့်ရုံနှင့်မပြီးသေး။ စိတ်နှလုံးလှရန်ကလည်း အထူးအရေးကြီးသည်။ ပညာပြည့်စုံသော်လည်း စိတ်နှလုံးမလှလျှင် လူ့ဘောင် အရှုပ်ဆိုး အကျည်းတန်မည်မှာ သေချာလှသည်။ ထို့ကြောင့်ပင် မန်လည်ဆရာတော်၏ ပညာနှင့်စိတ်နှလုံးဆိုင်ရာ အဆုံးအမက အမြဲပင်သတိရလျက် လိုက်နာကျင့်သုံး အပ်ပေသည်။

> ❖ လောကတွင် ပညာရှာမှီးလိုသူတိုင်း ပညာပြည့်ဝရန် ကြိုးစားရသည်။ ကံ၊ ဉာဏ်၊ ဝီရိယပေါ်မူတည်၍လည်းကောင်း၊ ပေးအပ်နိုင်သောအခြေအနေများပေါ် မူတည်၍လည်းကောင်း ပညာတတ်များဖြစ်လာလေ့လည်းရှိသည်။ သို့သော် ဘွဲ့၊ ဒီဂရီရရုံဖြင့် ပညာတတ်ဟူ၍ မသတ်မှတ်နိုင်သေးပေ။ ရရှိထားသောဘွဲ့၊ ဒီဂရီနှင့် ထိုက်တန်သော အသိဉာဏ်ပညာရှိပါမှ သို့မဟုတ် ပညာကို လူ့ဘောင်ကောင်းကျိုး သယ်ပိုးရာတွင် အသုံးချပါမှ ပညာတတ်ဟုခေါ်ထိုက်ပါလိမ့်မည်။ ပညာတတ်၊ ပညာရှိ၊ ပညာပြည့်ရုံနှင့်မပြီးသေး။ စိတ်နှလုံးလှရန်ကလည်း အထူး အရေးကြီးသည်။ ❖

"မဃဒေဝ"မှတ်တမ်းလင်္ကာများမှ စာအလှများကား အားလုံးတစ်မျိုးစီလှကြပါသည်။ လူတို့၏ဘဝနေထိုင်နည်းအတွက် လမ်းညွှန်သဖွယ်လည်းဖြစ်သည်။ စိတ်အမှောင်ကိုပယ်ခွင်းမည့် မီးအိမ်ဟုဆိုလျှင်လည်းမမှား။ ဘဝပင်လယ်ပြင်ကို ဖြတ်သန်းရန်အတွက် ရွက်ပြင်ရွက်ဆင်တက်ပြင်တက်ဆင်ပေးသည်ဟုလည်း ခံယူနိုင်ပါသေးသည်။ ထို့အတူ မဃဒေဝကို အကိုးအကားပြု၍ ရေးသားတင်ဆက်ကြရသော စာများကလည်း မရိုးနိုင်။ ကိုးကားဆဲ၊ မှီငြမ်းပြုမြဲပင်။ ထိုအထဲများစွာမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလထုတ် "အတွေးအမြင်"စာစဉ်စာအုပ်ပါ ခေါင်းကြီးပိုင်းကို ဆင့်ကမ်းချင်ပါသည်။

ကွယ်လွန်သူသတင်းစာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာမောင်ဝံသစီစဉ်ခဲ့ပြီး ယခုသူ၏မိသားစု ဆက်လက်ထုတ်ဝေလျက်ရှိသော အတွေးအမြင်စာအုပ်ထုတ်ဝေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ အမှတ် (၃၄၉) ထိတိုင် ထုတ်ဝေခဲ့သဖြင့် မြန်မာ့စာနယ်ဇင်းသမိုင်းတွင် အမှတ်အများဆုံးစာရင်းဝင် စာစောင်ဖြစ်ပါမည်။

သို့သော် စာဖတ်သူတိုင်းနှင့် မထိတွေ့မိသေး။ စာဖတ်ပရိသတ်နည်းနည်းနှင့်သာ သက်တမ်းရှည်လျက်ရှိနေဆဲပင်။ အတွေးအမြင်ဟု ခေါင်းစဉ်နှင့်လိုက်လျောညီစွာ အတွေးအမြင်ရင့်သန်လာစေနိုင်သည်။ အတွေးအမြင်ကျယ်လာစေမည်။ တွေးခေါ်မျှော်မြင်မှု မြင့်တက်လာနိုင်သေးသည်။ ပညာကိုလေ့လာလိုက်စားနေပါသည်ဟု ခံယူထားသော တက္ကသိုလ်အဝန်းအဝိုင်းရှိ ခင်မင်သူတချို့ကို အတွေးအမြင်စာအုပ်ဖတ်ပါသလားဟု မေးကြည့်ရာ မကြားဖူးသကဲ့သို့ ကြောင်နေသူများကို တွေ့ရဖူးပါသည်။ တယ်လီဖုန်းဖန်သားပြင်ပေါ်မှ စာများရှိနေ၍ စာအုပ်မလိုတော့ကြောင်း ငြင်းဆိုသူများလည်းရှိသည်။ "အသစ်တွေဘယ်လိုကောင်းကောင်း အဟောင်းကိုတော့တလည်လည်" ဆိုသကဲ့သို့ စာအုပ်များကိုတော့ လက်မလွှတ်သင့်သေးပါ။ စာအုပ်က နေရာမရွေး၊ အချိန်မရွေး၊ ဓာတ်အားမလို၊ သယ်လိုရာသယ်၍ ဖတ်ချင်သမျှ ဖတ်နိုင်သည်။

အထက်ပါ အတွေးအမြင်စာအုပ်ပါ ခေါင်းကြီးအမည်က "လူပျားရည်"ဟူ၍ဖြစ်ပါသည်။ လူမဟုတ်ပါ။ မန်လည်ဆရာတော်၏ မဃဒေဝပါ "မှတ်လော့ထိုသူ လူအတွင်းဆိုး လူရိုးမမည် လူပျားရည်ရှင့် မတည်သမာ လွန်ဆိုးစွာခဲ့"ဟူသောလင်္ကာမှ ခေါင်းစီးအဖြစ် ယူထားပါသည်။ မူရင်းလင်္ကာပါစာသားလှသကဲ့သို့ မှီငြမ်း၍ခေါင်းစီးတပ်လိုက်သည်မှာလည်း လှပါသည်။ လူနှင့်သတ္တဝါ (တိရစ္ဆာန်)တို့ ကွဲပြားခြားနားပုံ လူသာလျှင် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိပုံ၊ လူတွင်တည်ရှိသော စိတ်နှင့် ရုပ်ကိုလေ့လာပုံ၊ လူအချင်းချင်းဆက်ဆံရေးကိုလည်း ဆက်ဆံရေးအနုပညာဟု ခေါ်ဆိုပုံတို့ကို အတွေးအမြင်ခေါင်းကြီးပိုင်းက တင်ပြသည်။ "ဝတ်ကောင်းစားလှဝတ်၊ နှုတ်ချိုသဘောကောင်းဟန်ဆောင်နေကြသော စိတ်ပိုင်းရိုးသားခြင်းမရှိသူများကို "လူပျားရည်"ဟု သမုတ်ကြပါသည်ဟူ၍လည်း အဆုံးသတ်ထားပါသည်။ မြန်မာစကားတွင် "အပေါ်ယံရွှေမှုန်ကြဲ အထဲကနောက်ချေးခံ"ဟူသော စကားလည်းရှိပါသည်။ လူပျားရည်နှင့် ထပ်တူပြုနိုင်ပါလိမ့်မည်။ လောကတွင် လူပျားရည်များ များလျှင်ဖြင့် ရင်လေးဖွယ်ရာဖြစ်မည်ဟုထင်ပါသည်။ လူပျားရည်များလည်း များများလာသည်ဟုလည်း ထင်မြင်မိပါသည်။ မိမိကိုယ်တိုင် လူပျားရည်မဖြစ်ရန် သတိပြုနေထိုင်ရမည်လည်း ဖြစ်ပါသည်။

အဆိုပါစာအုပ်ပါ စာအလှတစ်ပုဒ်မှာ မြမြဆွေ (စိတ်ပညာ)၏ "အောင်မြင်မှုအတွက် စိတ်တွင်းစေ့ဆော်မှုများ"ဟူသောဆောင်းပါးဖြစ်သည်။ ဆောင်းပါးပါထုတ်နုတ်ချက်တွင် "သက်ရှိပုဂ္ဂိုလ်တစ်ဦးက ဆာလောင်မှုကိုခံစားရရင် အဲဒီဆာလောင်မှုကနေ အစာကိုလိုချင်တဲ့စိတ်ဆန္ဒ ဖြစ်လာပါမယ်။ သက်ရှိပုဂ္ဂိုလ်ဟာ အစာကိုရရှိဖို့ လှုပ်ရှားတက်ကြွလာပါမယ်။ အဲဒီအခါမှာ အစားအစာကိုရှာဖွေတွေ့ရှိပြီး စားလိုက်ရတဲ့အခါ စောစောကစိတ်တွန်းအားတွေ လျော့နည်းသွားစေတယ်လို့ဆိုပါတယ်။ ဒါကြောင့် လိုအင်ဆန္ဒတစ်ခုကနေ စိတ်တွင်းစေ့ဆော်မှုတွေ ဖြစ်ပေါ်လာတယ်လို့ဆိုပါတယ်"ဟု ပညာရှင်ဟားလ် (Hull) ၏အဆိုကို ကိုးကားဖော်ပြထားသည်။ ပညာရပ်ဆန်ဆန်ဖော်ပြထားခြင်းမဟုတ်ဘဲ ဖတ်သူတိုင်းနားလည်နိုင်သည့် အဆိုအမိန့်အဖြစ် မှတ်သားနိုင်ပါသည်။ ဆောင်းပါးရှင်က စိတ်ပညာကထိကတစ်ဦးဖြစ်ပြီး စိတ်ပညာဘာသာရပ်ကို အများသိရှိနားလည်စေရန် ဆောင်းပါးများ ရေးသားလျက် စာအုပ်များထုတ်ဝေနေသော ဘာသာရပ်ဆိုင်ရာ စာရေးဆရာမတစ်ဦးဖြစ်ကြောင်း သိရပါသည်။

ဆက်လက်၍မှတ်သားဖွယ်ရာမှာ "မိမိကိုယ်ကို အလေးအမြတ်ထားမှုမှာ နိမ့်ကျသူ၊ စိတ်ဆန္ဒမရှိသူတွေဟာ အောင်မြင်မှုနှင့်ဝေးကွာသွားမှာပါ။ အဲဒီလို စိတ်ထားနိမ့်ကျသူတွေဟာ လူတွေကြားမှာသွားရင် မဝံ့မရဲဖြစ်ပြီး တခြားလူတွေရဲ့ရှေ့မှာ ဘာတွေများ အမှားလုပ်မိမလဲလို့ အမြဲစိုးရိမ်နေတတ်ပါတယ်။ နောက်ပိုင်းမှာ လူအများကြားကို မသွားတော့ဘဲ တစ်ယောက်တည်း စိတ်ဓာတ်ကျလာတတ်ပါတယ်။ ဒါကြောင့် လူကြီးမိဘ၊ ဆရာသမားများအနေနဲ့ မျိုးဆက်သစ်ကလေးတွေကို မိမိကိုယ်ကို အလေးအမြတ်ထားမှု လိုအင်ဆန္ဒမြင့်မားအောင် ဘေးကနေဖေးမကူညီပေးဖို့ လိုအပ်ပါတယ်"ဟု အကြံပြုထားသည်။

လူတိုင်းတွင် လိုအင်ဆန္ဒများရှိကြသည်။ တစ်ဦးနှင့်တစ်ဦးမတူညီကြပါ။ ကလေးများငယ်ငယ်က ဆရာဝန်ကြီးဖြစ်ချင်သူ၊ အင်ဂျင်နီယာကြီးဖြစ်ချင်သူဟု ပြောလေ့ရှိသူများ ပြောသည့်အတိုင်း ဖြစ်ချင်မှဖြစ်သည်။ ထိုအချက်များကိုမူတည်၍ ဆရာမမြမြဆွေ (စိတ်ပညာ)က ဆန္ဒနှင့်စပ်လျဉ်းကာ "မိမိရဲ့စွမ်းရည်ဖြည့်ဆည်းမှုလိုအင်"ဟုဆိုပါသည်။ မိမိရှိနေသည့် စွမ်းရည်ထူးများကို အစွမ်းကုန်ကြိုးစားဖော်ထုတ်ခြင်းဟုလည်း ထပ်၍ဆိုပါသည်။ "မိမိကျွမ်းကျင်တတ်မြောက်ရာပညာရပ်တစ်ခုကို ထူးချွန်ထက်မြက်အောင်၊ အမြင့်ဆုံးရောက်အောင် ကြိုးစားချင်တဲ့စိတ်ဆန္ဒဖြစ်ပါတယ်"ဟုလည်း ခွဲခြားပြသသည်။

စိတ်ပညာသဘောတရားအရ "ကောင်းမွန်တဲ့စေ့ဆော်မှုတွေကို မိမိကိုယ်တိုင်မြင့်မားအောင် ဆောင်ရွက်ကြဖို့လိုသလို မျိုးဆက်သစ်ကလေးတွေကိုလည်း မြင့်မားလာအောင် စွမ်းဆောင်ကြပါစို့"ဟု အဆုံးသတ်တိုက်တွန်းထားပါသည်။ တစ်ခါတစ်ရံတွင် စာအလှများကိုလည်း ဖတ်ရှုခံစားတွေးခေါ်တတ်ရန် အရေးကြီးပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

– **အတွေးအမြင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ**

## မိုင်းဖြတ်မြို့နယ် ဘိုရှီး-တုံလုံကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ဘိုရှီး-တုံလုံကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘိုရှီး-တုံလုံကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘိုရှီး-တုံလုံကျေးရွာ အရှည်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၃၁ ဒသမ ၆၁ သန်းဖြင့် Hero Family ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဧင်မာ**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံတိုးတက်လာတဲ့ စပါးအသင်း၊ ဂလာဘတ်အသင်း၊ ဗီရိုနာအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေမှာတော့ ရမှတ်လိုအပ်ချက်ရှိနေပြီး တန်းမဆင်းရဖို့ကြိုးစားရမဲ့ အသင်းတွေကိုပဲ ဦးစားပေးရွေးချယ်သွားမှာပါ။ လက်ရှိမှာ အမှတ်ပေးပွဲတွေပြီးဆုံးဖို့ ခုနစ်ပွဲလောက်လိုသေးတာကြောင့် တန်းဆင်းရမဲ့အသင်းတွေ မထွက်ပေါ်သေးပေမဲ့ ပရီးမီးယားလိဂ်မှာ လူတန်၊ ဘန်လေနဲ့ ရှက်ဖီး(U)၊ ဘွန်ဒက်လီဂါမှာ မိန့်ဇ်၊ ကိုလုံး၊ ဒမ်စတက်၊ စီးရီးအေမှာ ဆလာနီတာနာ၊ ဆက်ဆူအိုလိုနဲ့ အမ်ပိုလီတို့ တန်းဆင်းဇုန်ထဲရောက်နေတာကို တွေ့ရမှာပါ။ အဲဒီထဲက ဆလာနီတာနာတစ်သင်းတည်းပဲ တန်းဆင်းရဖို့နီးစပ်နေပေမဲ့ ကျန်အသင်းတွေကတော့ နောက်ဆုံးပွဲစဉ်ထိ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ကြားရက်မှာတော့ ဖလားပွဲတွေနဲ့ ပရီးမီးယားလိဂ်ပွဲတွေရှိခဲ့တာကြောင့် အဲဒီပွဲတွေမှာ ဒဏ်ရာရ၊ ပွဲပယ်ရှိခဲ့တဲ့အသင်းတွေကိုရှောင်ပြီး တနင်္ဂနွေနေ့ညကစားမဲ့ပွဲစဉ်တွေမှာ အိမ်ကွင်းအာသာချက်နဲ့ တိုက်စစ်ကစားပုံကောင်းနေတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

## စပါးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ ကြားရက်က ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ပွဲစဉ်မှာ သရေရလဒ်ပဲ ကစားနိုင်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆက်လက်ရုန်းကန်ရမှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းနဲ့ပွဲစဉ်မှာ ကစားသမားအစုံအလင်နဲ့ပွဲထွက်လာခဲ့တာကြောင့် ပွဲအစမှာ ဦးဆောင်ဂိုးရခဲ့ပေမဲ့ ဝက်စ်ဟမ်းအသင်းရဲ့ ဖိအားပေးမှုကို တားဆီးမရခဲ့ဘဲ ချေပဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်ပဲထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြပိုစတီကိုဂလူဟာ အခုအိမ်ကွင်းမှာ ဝက်စ်ဟမ်းနဲ့ပွဲက အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်နိုင်မယ်ဆိုရင်တော့ နော်တင်ဟမ်လို ခံစစ်အားနည်းနေတဲ့အသင်းကို ဂိုးပြတ်နိုင်ပွဲရမှာသေချာပါတယ်။ ဒါ့ပြင် စပါးအသင်းရဲ့ အိမ်ကွင်းတိုက်စစ်ကစားပုံက ခံစစ်ကောင်းတဲ့အသင်းတွေကိုတောင် ဂိုးသွင်းနိုင်စွမ်းရှိပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲဆက်မှာလဲ ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာ အဓိက ကစားသမားငါးယောက်ထိ ဒဏ်ရာရနေပေမဲ့ ခြေစွမ်းပြကစားသမားတွေအားလုံး ဒဏ်ရာကင်းစင်နေတာကြောင့် နော်တင်ဟမ်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

နော်တင်ဟမ်အသင်းဟာ ပရီးမီးယားလိဂ်ရဲ့ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့လို့ ရမှတ်လေးမှတ်လျှော့ခံလိုက်ရပြီးနောက်ပိုင်း တန်းဆင်းဇုန်ဖိအားအောက် ကျရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၃၁ ပွဲကစားအပြီးမှာ ရမှတ် ၂၅ မှတ်ပဲရရှိခဲ့ပြီး အဆင့်(၁၈)က ရမှတ် ၂၂ မှတ်ပဲရခဲ့တဲ့ လူတန်အသင်းနဲ့ သုံးမှတ်ပဲကွာဟနေတာကြောင့် တန်းမဆင်းရရေး အစွမ်းကုန်ကြိုးပမ်းနေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ကစားနိုင်ခဲ့သလို အိမ်ကွင်းပွဲစဉ်တွေမှာ အနည်းဆုံးရမှတ်တစ်မှတ် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၂၄ ခုနှစ်အတွင်းကစားခဲ့တဲ့ အဝေးကွင်းတွေမှာတော့ နိုင်ပွဲမရခဲ့ဘဲ အများဆုံးသရေပဲကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြဆန်းတို့စ်ရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ဟာ အားရစရာမရှိဘဲ အသင်းငယ်တွေကိုတောင် ဂိုးပေးရတဲ့အခြေအနေမှာ စပါးလို အိမ်ကွင်းတိုက်စစ်ကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ စပါးအသင်းကို အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၃ | - | ၁ | ပဲလေ့စ် |
| အေဗီလာ | ၀ | - | ၄ | စပါး |
| ဖူလ်ဟမ် | ၃ | - | ၀ | စပါး |
| စပါး | ၂ | - | ၁ | လူတန် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | စပါး |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၀ | - | ၁ | လီဗာပူး |
| နော်တင်ဟမ် | ၁ | - | ၁ | ပဲလေ့စ် |
| လူတန် | ၁ | - | ၁ | နော်တင်ဟမ် |
| ဘရိုက်တန် | ၁ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၃ | - | ၁ | ဖူဟမ် |

## ဂလာဘတ်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ်(၂၈)မှာ အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်နဲ့ ဂလာဘတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဝါဒါဘရီမင်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပေမဲ့ ၂၀၂၄ ခုနှစ်အတွင်းကစားခဲ့တဲ့ ပြိုင်ပွဲတွေမှာတော့ နိုင်ပွဲမရခဲ့ဘဲ သရေရလဒ်တွေများခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဝါဒါဘရီမင်အနေနဲ့ အနီကတ်နဲ့ထွက်ခွာခဲ့ရလို့ ဝုဖ်ဘတ်က ဖိအားပေးနိုင်ခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲမှာတော့ ကိုလုံး၊ ဟော်ဖန်ဟိမ်း၊ ဒေါ့မွန်ကို သရေပဲကစားနိုင်ခဲ့ပြီး စတုဂတ်နဲ့ အော့စ်ဘတ်တို့ကို ရှုံးခဲ့တာကြောင့် ဝုဖ်ဘတ်ရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ဟာ စိုးရိမ်စရာဖြစ်နေတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ အဓိက ကစားသမားလေးယောက်ထိ ဒဏ်ရာရ၊ ပွဲပယ်ဖြစ်နေလို့ ဂလာဘတ်တိုက်စစ်ကို ထိန်းချုပ်ဖို့တော့ ရုန်းကန်ရနိုင်ပါတယ်။

ဂလာဘတ်အသင်းဟာ အမှတ်ပေးပွဲ ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၂၈ မှတ်ရခဲ့တာကြောင့် အဆင့်(၁၃)မှာ ရပ်တည်နေပြီး တန်းဆင်းဇုန်က မိန့်ဇ်အသင်းနဲ့ ရမှတ်ရှစ်မှတ်ထိ ကွာဟနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁၄)က ဝုဖ်ဘတ်အသင်းနဲ့ရမှတ်တူနေတာကြောင့် အခုပွဲကိုရှုံးခဲ့ရင် တန်းဆင်းဇုန်ဖိအားအောက်ရောက်မှာဖြစ်လို့ မဖြစ်မနေရမှတ်ရှာဖွေရမှာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ကြိုးစားနေရပြီး နောက်ဆုံးငါးပွဲမှာတစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ပဲထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းတိုက်စစ်က နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းသုံးပွဲမှာ သုံးပွဲစလုံးဂိုးရခဲ့ပြီး နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရခဲ့တာကြောင့် အဝေးကွင်းစွမ်းဆောင်ရည်မဆိုးဘူးလို့ဆိုရမှာပါ။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ ဝုဖ်ဘတ်က အိမ်ကွင်းကစားပုံကျဆင်းနေတဲ့အသင်းဖြစ်ပြီး ဂလာဘတ်က အဝေးကွင်းတိုက်စစ်ကစားအားရှိတဲ့အသင်းဖြစ်နေတာကြောင့် ဂလာဘတ်ရမှတ်ခွဲယူနိုင်မှာ သေချာပါတယ်။ ဒါ့ပြင် သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကိုးကြိမ်မှာ ဂလာဘတ်က ငါးပွဲနိုင်၊ လေးပွဲသရေရလဒ်နဲ့ အသာရထားတာကြောင့် ဂလာဘတ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၂ | - | ၂ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၃ | စတုဂတ် |
| လေဗာကူဆင် | ၂ | - | ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၃ | အော့စ်ဘတ် |
| ဝါဒါဘရီမင် | ၀ | - | ၂ | ဝုဖ်ဘတ် |

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၃ | - | ၃ | ကိုလုံး |
| ဆာဘတ်ကန် | ၂ | - | ၁ | ဂလာဘတ် |
| ဟိဒန်ဟိမ်း | ၁ | - | ၁ | ဂလာဘတ် |
| ဂလာဘတ် | ၂ | - | ၀ | အူပန် |
| ဂလာဘတ် | ၀ | - | ၃ | ဖရိုင်းဘတ် |

## ဗီရိုနာအသင်းကို ရွေးချယ်ရမှာပါ

အီတလီစီးရီးအေပွဲစဉ်(၃၁)မှာ အကြိုက်တွေ့မိတာကတော့ ဗီရိုနာနဲ့ ဂျီနိုအာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ကြိုးပမ်းနေတဲ့ ဗီရိုနာအသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာတော့ ရမှတ် ၂၇ မှတ်ပဲရခဲ့လို့ အဆင့်(၁၅)မှာ ရောက်ရှိနေပေမဲ့ အဆင့်(၁၈) တန်းဆင်းဇုန်က အမ်ပိုလီနဲ့ ရမှတ်နှစ်မှတ်၊ အဆင့်(၁၉) ဆက်ဆူအိုလိုနဲ့ ရမှတ်သုံးမှတ်ပဲ ကွာဟနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲကိုရှုံးခဲ့ရင် တန်းဆင်းဇုန်ထဲရောက်မှာဖြစ်လို့ အခုပွဲဟာ ဗီရိုနာအတွက် အရေးကြီးနေတာကိုသတိပြုရမှာပါ။ ပြိုင်ဘက်ဂျီနိုအာကတော့ ရမှတ် ၃၅ နဲ့ အဆင့်(၁၂) ရောက်နေပြီး အခုပွဲကိုရှုံးခဲ့ရင်လဲ အမှတ်ပေးဇယားပြောင်းလဲမှုမရှိတာကြောင့် ဗီရိုနာနဲ့ယှဉ်ရင် ဖိအားမရှိတာကိုတွေ့ရမှာပါ။ ဗီရိုနာရဲ့ နောက်ဆုံးအိမ်ကွင်းပွဲစွမ်းဆောင်ရည်ကလဲ အေစီမီလန်တစ်သင်းကိုပဲရှုံးခဲ့ပြီး အမ်ပိုလီ၊ ဖရိုစီဝမ်း၊ ဆက်ဆူအိုလို၊ ဂျူဗင်တပ်တို့ကို ရမှတ်ခွဲယူနိုင်တဲ့ခြေစွမ်းက အားရစရာကောင်းနေပါတယ်။

ဂျီနိုအာအသင်းဟာ အခုနှစ်မှတန်းတက်လာပေမဲ့ ရာသီစကတည်းက ရလဒ်တည်ငြိမ်မှုရှိခဲ့တာကြောင့် တန်းတက်အသင်းတွေထဲမှာ ရလဒ်အကောင်းဆုံးဖြစ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစမှာ အသင်းလိုက်ကစားအားကောင်းခဲ့သလို တိုက်စစ်မှူးဂုတ်မန်ဆန်ကလဲ အဆုံးအဖြတ်ဂိုးတွေသွင်းနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းခဲ့ပေမဲ့ အခုနှစ်အတွင်း ၁၂ ပွဲဆက်မှာ ဆလာနီတာနာ၊ လက်ချီ၊ အူဒီးနီးစ်တို့ကိုပဲ အနိုင်ရခဲ့ပြီး ရလဒ်ပိုင်းကျဆင်းသွားတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ မာလင်နော့စကီး၊ ရီတီဂီတို့အပါအဝင် ကစားသမားငါးယောက်ထိ ဒဏ်ရာကြောင့်ပါဝင်နိုင်မှာမဟုတ်လို့ အိမ်ကွင်းကစားအားကောင်းလာတဲ့ ဗီရိုနာခံစစ်ကို ကျော်ဖြတ်ဖို့မလွယ်ပါဘူး။ ဂျီနိုအာဟာ ဗီရိုနာနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ ကစားပုံတိုးတက်လာတဲ့ ဗီရိုနာအိမ်ကွင်းမှာတော့ နောက်ဆုံးသုံးကြိမ်စလုံး နိုင်ပွဲမရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ အိမ်ရှင်ဗီရိုနာအသင်းကို ရွေးချယ်ရမှာပါ။

**ဗီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၂ | - | ၀ | ဗီရိုနာ |
| ဗီရိုနာ | ၁ | - | ၀ | ဆက်ဆူအိုလို |
| လက်ချီ | ၀ | - | ၁ | ဗီရိုနာ |
| ဗီရိုနာ | ၁ | - | ၃ | အေစီမီလန် |
| ကက်ဂလီယာရီ | ၁ | - | ၁ | ဗီရိုနာ |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ၀ | အူဒီးနီးစ် |
| အင်တာမီလန် | ၂ | - | ၁ | ဂျီနိုအာ |
| ဂျီနိုအာ | ၂ | - | ၃ | မွန်ဇာ |
| ဂျူဗင်တပ် | ၀ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၁ | ဖရိုစီဝမ်း |

# သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်




**ကင်ဘာရာ မေ ၅**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန်မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း သြစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုသည် ဆစ်ဒနီမြို့အပါအဝင် အခြားသောသြစတြေးလျ အရှေ့တောင်ဘက်ပိုင်းဒေသများတွင်လည်း ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ မိုးရေချိန်မှာ ၁၁၁ မီလီမီတာထိ မြင့်တက်နေပြီး ဧပြီလတစ်လလုံး မိုးသည်းထန်စွာ ရွာသွန်းဖွယ်ရှိနေကာ မိုးရေချိန်မှာလည်း ၁၂၂ ဒသမ ၅ မီလီမီတာထိ မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ဆစ်ဒနီမြို့တွင် လူဦးရေ ငါးသန်းကျော် နေထိုင်လျက်ရှိနေပြီး တစ်မြို့လုံးအတိုင်းအတာဖြင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ မိုးလေဝသပြောင်းလဲမှုအခြေအနေအရ မိုးရေချိန်မှာ ၂၀၀ မီလီမီတာထိ မြင့်တက်သွားနိုင်ပြီး တက်စ်မန်ပင်လယ်တွင် ရေပမာဏမြင့်တက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း သြစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ မိုးလေဝသအခြေအနေက အထူးသတိပြုသွားရမဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရေချိန်တွေမြင့်မားနေပြီး တက်စ်မန်ပင်လယ်မှာ ရေပမာဏတွေမြင့်တက်နေပါတယ်။ ရေကြီးရေလျှံမှုတွေ ဆိုးရွားစွာဖြစ်ပေါ်လာနိုင်တဲ့အတွက် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားတဲ့နေရာတွေမှာ မလိုလားအပ်ပဲ ဖြတ်သန်းသွားလာတာ မပြုလုပ်ကြဖို့လဲ တိုက်တွန်းပါတယ်။ ရေကြီးရေလျှံမှုတွေဟာ အသက်အန္တရာယ်ကို တောင် ခြိမ်းခြောက်နိုင်တဲ့အခြေအနေမျိုးလဲဖြစ်ပါတယ်"ဟု နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ် ခရစ်မင်က ပြောကြားသွားခဲ့သည်။

ဆစ်ဒနီမြို့ခံများကိုလည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း သြစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်ရှိ ခရိုင် ၁၁ ခရိုင်တွင် အပူချိန်မြင့်တက်မှုဖြစ်ပွားနေ

**နယူးဒေလီ မေ ၅**

အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်ရှိ ခရိုင် ၁၁ ခရိုင်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပွားနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းနေသည့် ခရိုင် ၁၁ ခရိုင်ကို အပူချိန်မြင့်တက်မှု အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားပြီး နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း အပြင်သို့ လှုပ်ရှားသွားလာခြင်းမပြုရန်နှင့် အပူချိန်မြင့်တက်မှုသည် ယနေ့မှ ဧပြီ ၉ ရက်ထိ ဆက်တိုက်မြင့်တက်ဖွယ်ရှိနေပြီး အပူအအေးမျှတစွာနေထိုင်ရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"အိုဒီရှာပြည်နယ် ခရိုင်ပေါင်း ၁၁ ခရိုင်မှာ အပူလှိုင်းတွေဖြတ်သန်းနေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေ မြင့်တက်နေပြီး အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပါတယ်။ အပူချိန်ဟာ နေ့အချိန်သာမက ညအချိန်မှာလဲ မြင့်တက်လာဖွယ်ရှိနေတယ်။ ဧပြီ ၆ ရက်မှာတော့ အပူချိန်ပမာဏဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိသွားနိုင်တယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှပြောရေးဆိုခွင့်ရှိသူ မာနိရာမာက ပြောကြားသွားခဲ့သည်။



အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေသည့်ခရိုင်များမှာ ယာဂါခရိုင်၊ ကန်ဟမယ်လ်ခရိုင်၊ ကက်တက်ခ်ခရိုင်၊ ဘောက်ဟ်ခရိုင်၊ ဘက်ရက်ခရိုင်၊ ဂျက်ပူခရိုင်၊ ဘိုလန်ဂီခရိုင်၊ မယ်ကန်ဂီရီခရိုင်၊ ကာလာဟန်ဒီခရိုင်၊ ကိုရာပွတ်ခရိုင်နှင့် ဒန်ကာနယ်လ်ခရိုင်တို့ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ၂၀၂၄ ခုနှစ် အတ္တလန္တိတ်ဟာရီကိန်းမုန်တိုင်းရာသီတွင် မုန်တိုင်းတိုက်ခတ်မှုအကြိမ်ရေ ယခင်နှစ်များထက် ပိုများလာဖွယ်ရှိ

**ဝါရှင်တန် မေ ၅**

၂၀၂၄ ခုနှစ် အတ္တလန္တိတ်ဟာရီကိန်းမုန်တိုင်းရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မုန်တိုင်းတိုက်ခတ်မှုအကြိမ်ရေမှာ ယခင်နှစ်များကထက် ပိုများလာဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ ကော်ရိုရာဒိုပြည်နယ်အခြေစိုက် Colorado State University (CSU) က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပင်လယ်ရေမျက်နှာပြင် ပူနွေးမှုကြောင့် ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုနှုန်း မြင့်မားလာဖွယ်ရှိနေပြီး ၂၀၂၄ ခုနှစ်အတွင်း အကြိမ်ရေသည် ၂၃ ကြိမ်ထက်မနည်းတိုက်ခတ်ဖွယ်ရှိနေကြောင်း၊ မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း လေတိုက်နှုန်းမှာလည်း တစ်နာရီလျှင် ၁၁၁ မိုင်နှုန်းထိ မြင့်တက်ဖွယ်ရှိသောကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် အတ္တလန္တိတ်ပိုင်းဇုန်ရဲ့ ဟာရီကိန်းမုန်တိုင်းရာသီမှာ အရင်နှစ်တွေကထက် မုန်တိုင်းအကြိမ်ရေ မြင့်မားလာဖွယ်ရှိနေတယ်။ မုန်တိုင်းအကြိမ်ရေ ၂၃ ကြိမ်လောက်ထိ မြင့်တက်လာဖွယ်ရှိနေတယ်။ တိုက်ခတ်ဖွယ်ရှိနေတဲ့ မုန်တိုင်းအကြိမ်ရေ ၂၃ ကြိမ်ထဲက ၁၁ ကြိမ်ဟာ ဟာရီကိန်းမုန်တိုင်းအနေနဲ့ တိုက်ခတ်ဖွယ်ရှိနေပါတယ်။ ဒီထဲမှာမှ ငါးကြိမ်လောက်က အားအရမ်းကောင်းတဲ့ ဟာရီကိန်းမုန်တိုင်း ဖြစ်လာနိုင်တယ်။ အတ္တလန္တိတ်ပိုင်းမှာ မုန်တိုင်းအကြိမ်ရေ အမြင့်ဆုံးဟာ ၁၉၅၀ ပြည့်နှစ်ကဖြစ်ပေါ်ခဲ့ပါတယ်။ ဒီစံချိန်ကို ၂၀၂၄ ခုနှစ်မှာ ကျော်ဖြတ်သွားနိုင်တဲ့ အခြေအနေမှာရှိတဲ့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါမယ်"ဟု CSU မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

၂၀၂၄ ခုနှစ် ဟာရီကိန်းရာသီတွင် ကမ်းခြေဒေသများနှင့် ရေနံတူးဖော်ရေးလုပ်ကွက်များ ထိခိုက်ပျက်စီးမှုမြင့်မားဖွယ်ရှိနေပြီး အများဆုံးထိခိုက်ဖွယ်ရှိနေသည့် နေရာများမှာ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်များဖြစ်ကြောင်း CSU က ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန်အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင်ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ် ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝိုင်ယာရှော့ဖြစ်ခြင်း။

- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓာတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် ခေတ်မီစက်ပစ္စည်းများဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

# TRISTAR




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ရွှေလီဦး

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။
၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၈၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို
ဂိတ်ပိုင် ဦးဝီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။

ဥက္ကဋ္ဌ-ဦးဝီတာ
ဖုန်း-09-2004223, 09-47222224


## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိ(အရှေ့)နေ မခင်မေသူ (ဘ) ဦးသန်းထွေး (၉/မဟမ(နိုင်)၀၄၆၀၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-696290)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၄၃၅၅၃၅၀

## စာရင်းကိုင်ဝန်ထမ်းလျှောက်ထားနိုင်သည်

မန္တလေးမြို့၊ ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်ရာထူးနေရာအတွက် လျှောက်ထားနိုင်သည်။ အတွေ့အကြုံရှိ၍ ကိုယ်ပိုင်အစီအစဉ်ဖြင့် ရုံးတက်နိုင်သူကို ဦးစားပေးရွေးချယ်ပါမည်။

လာရောက်လျှောက်ထားပါက သက်ဆိုင်ရာအရည်အချင်းအလိုက် ဘွဲ့လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (၃၀-၄-၂၀၂၄)နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၂၆၃၀၂၈၃(ရုံးအဖွဲ့.မှူး)**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

**ဥတုရာသီ တောကိုမှီ**

## ဦးမြင့်ကို
## အသက် (၇၉)နှစ်

မန္တလေးမြို့၊ ၂၅လမ်း၊ ၈၀ × ၈၁ လမ်းကြားနေ ဦးဘနွယ်-ဒေါ်ဝင်းကြည် တို့၏သား၊
(ဒေါ်မိမိဘော်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသန့်နေမျိုး(ခ)ဦးသန့်ကိုဝင်း၊ ဦးဝင်းသိန်း+ဒေါ်မေစန္ဒီဝင်း၊
ဦးအောင်ကျော်မြင့်+ဒေါ်မေငုဝါဝင်း၊ ဒေါက်တာ တင့်လွင်သောင်း+ဒေါ်မေသော်တာဝင်း၊
(ဦးညီဝင်းကို)တို့၏ မွေးသဖခင်၊ မြေး (၆)ယောက်တို့၏အဘိုး

**ဦးမြင့်ကို (အသက်-၇၉)နှစ်**

သည် ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်နေ့ (၅-၄-၂၀၂၄)ရက်၊ သောကြာနေ့ နံနက် (၈း၅၅)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက်၊ (၇-၄-၂၀၂၄)ရက်၊ တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ "အေးရိပ်ငြိမ်" သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ ယနေ့နိုင်ငံများအကြားဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကိုလေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေးစသည့်နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်...

❖ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ




**မန္တလေး ဧပြီ ၅**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဇထူးအားကစားကွင်း မိုးလုံလေလုံအားကစားကွင်းခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် ခရိုင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘော်လီဘောဝါသနာရှင်ပြည်သူများ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက်(စနေနေ့)မှ ဧပြီ ၁၈ ရက်(ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

## ထူးခြားသည့်နေ့အပူချိန်များ

(၅-၄-၂၀၂၄)

ချောက်
၄၆ ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ
၄၄ ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး
၄၄ ဒီဂရီဆဲလ်စီးယပ်
မင်းဘူး
၄၄ ဒီဂရီဆဲလ်စီးယပ်
မကွေး
၄၄ ဒီဂရီဆဲလ်စီးယပ်

